မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၆)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာ လျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➤



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်)

# ပြည်ထောင်စုအကျိုးပါဝင်သယ်ပိုးရေး

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ဆောင်၍ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသောလူငယ်များမှာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်များကိုသိရှိခြင်းမရှိ၍ လမ်းမှားရောက်သွားကြခြင်းဖြစ်သည်။ ထိုစဉ်ကရွေးကောက်ပွဲတွင်ပါဝင်ခဲ့ကြသောပါတီများနှင့် တပ်မတော်ကဖြေရှင်းပေးရန်တောင်းဆိုမှုများကိုလည်း ထဲထဲဝင်ဝင်သိလိမ့်မည်မဟုတ်ပေ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန်တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်း၊ ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးအားခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုချက်ကိုငြင်းပယ်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကိုငြင်းပယ်ခဲ့ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင်တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိခြင်းတို့မှာ ထိုစဉ်ကအာဏာရပါတီအစိုးရနှင့်ရွေးကောက်ပွဲကော်မရှင်တို့၏ လုပ်ရပ်များဖြစ်သည်။

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းမရှိသည်ကို ပေါ်လွင်စေခဲ့သည်။ ထို့ပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန်ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသည့် တာဝန်အရမဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့်အချိန်လည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို ပြည်တွင်းပြည်ပက အထင်အမြင်လွဲမှားအောင် တပ်မတော်က ဒီမိုကရေစီကိုနောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာရွေးကောက်ခံအစိုးရအဖြစ်ပုံဖော်လျက် CRPH၊ NUG တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များကို လွဲမှားသည့်မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့တွန်းပို့ခဲ့သည်။ CRPH၊ NUG တို့သည် PDF အမည်ခံအဖွဲ့များကိုဖွဲ့စည်းကာ လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များလက်အောက်သို့ သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော်ချဲ့ထွင်ခြင်းများအတွက် PDF များကို လက်ကိုင်တုတ်အဖြစ်အသုံးပြုစေကာ PDF တို့၏ ဘဝများကိုစတေးခဲ့သည်။

တပ်မတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီကို တည်ဆောက်ပေးသူဖြစ်ပြီး ဒီမိုကရေစီလမ်းဖြောင့်ဖြူးနေစေရေးကို စောင့်ရှောက်ပေးလျက်ရှိသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပိုင်း(၁)ကို စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာကလည်းအားပေးလျက်ရှိသည်။ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက်ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏စေတနာအမှန်ကိုသိရှိနားလည်ပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များအား ကြိုဆိုလက်ခံပြီး မိဘများထံအပ်နှံပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချို့သောအကြမ်းဖက် EAO တို့သည် ရပ်တည်ရန်ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြရသည်။ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန်အချိန်တန်ပြီဖြစ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များသည်ပင်လိုလားကြပြီး ရည်မှန်းချက်ချင်းတူညီကြသည်။ ဒီမိုကရေစီမျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကိုမက်မောကြသည့် CRPH၊ NUG တို့၏ လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်မှုမပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်းနှောင့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင်ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးကိုမျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန်ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံလျက်ရှိသည်။ ယခုအခါ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်ထားပါသည်။ ထို့ကြောင့် လမ်းမှားသို့ရောက်နေကြသူများအားလုံး မိမိတို့ဘဝအနာဂတ်ကောင်းမွန်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများက လက်ကမ်းကြိုဆိုနေပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အဆင့်ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး လေးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများထံသို့ ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်သည်။ ဆက်လက်၍ ခရိုင်အတွင်းမှ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများထံသို့ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဘက်စုံပညာကိုရည်တို့လှမ်းချီ၊ အောင်မြင်ပါစေ မြန်မာပြည်၊ ဇာတိမာန်သီချင်းများဖြင့် ကျောင်းသား၊ ကျောင်းသူများက သီဆိုကပြဖျော်ဖြေပြီး ဂုဏ်ပြုဆုပေးပွဲအခမ်းအနားတွင် လေးဘာသာဂုဏ်ထူးရ ၁၈၇ ဦး၊ သုံးဘာသာဂုဏ်ထူးရ ၈၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ၅၃၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရ ၇၆၁ ဦး စုစုပေါင်းဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၂၂၉၉ ဦးအတွက် ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်းသိရသည်။ (၆၀၂)

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးခြင်းအား မြေစိုက်နံရံကပ်ဘုတ်ဖြင့်ပြသထားရှိ

**ကဝ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့ ကမ်းနားလမ်းရှိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြေစိုက်နံရံကပ်ဘုတ်၌ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးပြသခြင်းကို စက်တင်ဘာလ ၉ ရက်တွင် မြေစိုက်နံရံကပ်ဘုတ်ဖြင့် ပြသဆောင်ရွက်ထားရှိကြောင်းသိရသည်။

မြေစိုက်နံရံကပ်ဘုတ်တွင်အီလက်ထရောနစ်( EVM) စက်ဖြင့်မဲပေးကြပါစို့၊ အီလက်ထရောနစ်စက်(EVM ) နဲ့ ဘယ်လိုမဲပေးကြမလဲ၊ မြန်မာအီလက်ထရောနစ် (Myanmar Electronic Voting Machine)စက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်၊ အီလက်ထရောနစ်(EVM)စက်ဖြင့်မဲပေးနည်းအဆင့်ဆင့်ရုပ်ပုံများနှင့် “ပယ်မဲမရှိတိကျမှန်ကန်အီးဗွီအမ်(EVM)” ဆောင်ပုဒ်တို့ ပါရှိပြသထားသည်။

အဆိုပါမြေစိုက်နံရံကပ်ဘုတ်အား အများပြည်သူသွားလာအသုံးပြုသည့် လူစည်ကားရာနေရာတွင် ပြသထားခြင်းဖြင့် မည်သူမဆို လွယ်ကူစွာဖတ်ရှုလေ့လာသိရှိနိုင်ခြင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များ သိရှိနိုင်ခြင်း၊ မြန်မာအီလက်ထရောနစ်(MEVM)စက် အသုံးပြုပုံများ၊ မဲပေးနည်းများအား ပုံနှင့်တကွအသေးစိတ်သိရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

အောင်ဖြူလင်း(၄၁၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၉-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

## MWD Education, Knowledge & Sports Channel

၁၁-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၄၅ | Grade – 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ရှစ်လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူး ၄ ဒသမ ၆ သန်းကျော် လာရောက်



ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူး ၄ ဒသမ ၆ သန်းကျော် လာရောက်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၈၇၉၈၉ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၄၇၀၃၀ ပါး၊ ပြည်တွင်းဘုရားဖူး ၄၄၆၈၆၄၃ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၅၀၅၅၃ ဦး စုစုပေါင်း ၄၆၅၄၂၁၅ ဦးဖြစ်သည်။

အဆိုပါ ရှစ်လတာကာလအတွင်း ရွှေတိဂုံစေတီတော်သို့ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်မှ လေးသောင်းဝန်းကျင်အထိလာရောက်ကြပြီး အခါကြီးရက်ကြီးများနှင့် ရုံးပိတ်ရက်များတွင် ဘုရားဖူးဝင်ရောက်မှုပိုမိုများပြားကြောင်း သိရသည်။

ယင်းကာလအတွင်း လအလိုက်အများဆုံးဝင်ရောက်မှုနေ့ရက်များမှာ အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် ဇန်နဝါရီလ ၁ ရက် နိုင်ငံတကာနှစ်သစ်ကူးနေ့တွင် လာရောက်သူ ၄၂၆၁၄ ဦး၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ၃၂၆၇၅ ဦး၊ ဖေဖော်ဝါရီလ ၉ ရက် တနင်္ဂနွေနေ့တွင် ၄၄၅၉၀ ဦး၊ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ၄၃၆၇၆ ဦး၊ မတ်လ ၂ ရက် တောင်သူလယ်သမားနေ့တွင် ၈၈၆၃၅ ဦး၊ မတ်လ ၁၃ ရက် တပေါင်းလပြည့်နေ့တွင် ၁၀၆၉၄၉ ဦး၊ ဧပြီလ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ၁၀၃၀၉၆ ဦး၊ ဧပြီလ ၂၇ ရက် တနင်္ဂနွေနေ့တွင် ၂၅၃၀၁ ဦး၊ မေလ ၁၁ ရက် ကဆုန်ညောင်ရေသွန်းပွဲနေ့တွင် ၁၆၆၃၅၀ ဦး၊ မေလ ၁၈ ရက် တနင်္ဂနွေနေ့တွင် ၄၁၇၁၄ ဦး၊ ဇွန်လ ၈ ရက် တနင်္ဂနွေနေ့တွင် ၂၉၆၅၂ ဦးနှင့် ဇွန်လ ၂၉ ရက် တနင်္ဂနွေနေ့တွင် ၄၅၉၁၅ ဦး၊ ဇူလိုင်လ ၅ ရက် စနေနေ့တွင် ၂၆၂၆၇ ဦး၊ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့တွင် ၃၀၀၆၅ ဦး၊ ဩဂုတ်လ ၈ ရက် ဝါခေါင်လပြည့်နေ့တွင် ၆၃၉၃၄ ဦး၊ ဩဂုတ်လ ၁၀ ရက် တနင်္ဂနွေနေ့တွင် ၅၁၅၉၈ ဦးဖြင့် အများဆုံးလာရောက်ကြောင်း သိရသည်။

**ဝန်းရံ**

# ရေကြည်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ရေကြည် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောကြားချက်အရ သိရသည်။

ရေကြည်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများကို စက်တင်ဘာလ ပထမပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၂၅၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ ဒေသထွက်တိုင်ထောင်ပဲသီးတွေက အရည်အသွေးကောင်းမွန်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိတဲ့အတွက် ဝယ်လိုအားကောင်းနေတာဖြစ်ပါတယ်။ တိုင်ထောင်ပဲသီးတွေကို တခြားကုန်စိမ်းဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်။ အခုလို တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဒေါ်ညိုညိုကပြောသည်။

ရေကြည်မြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် တောင်သူများ ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များကို ရောင်းချရသည့်အတွက် သယ်ယူစရိတ်သက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်နိုင်ခြင်းတို့ကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**သုတကျော်**

# လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အင်းတိုင်)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၉ ရက် က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များလှူဒါန်းသည်။

ထို့နောက် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးအကြောင်း အသိပညာပေးဟောပြောပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ (အင်းတိုင်) ကျောင်းအုပ်ဆရာကြီး ဦးလုံယိုးက ကျေးဇူးတင်စကားပြောကြားသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် လူငယ်စကားဝိုင်း၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ အသိပညာပေး နံရံကပ်စာစောင်နှင့်စာအုပ်ပြပွဲများ၊ စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆင်နွှဲကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**အေးအေးနွဲ့(လှည်းကူး)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

**ရွှေဥဒေါင်း**



**ယမန်နေ့မှအဆက်**

ထိုအချိန်တွင် ကျွန်ုပ်သည် ဤခေတ်၌ အလွန်နာမည်ကြီးသော အင်္ဂလိပ်စာရေးဆရာကြီး ဆောမားဆက်မော်မ်၏စာတစ်အုပ်ကိုဖတ်ရ၍ စာရေးနည်းအကြောင်းရေးထားသည့် သူ၏အယူအဆများသည် ကျွန်ုပ်၏အယူအဆနှင့် တစ်ထပ်တည်းကိုက်ညီလျက်ရှိခြင်းကိုတွေ့ရ၏။ အံ့ဩဖို့ကောင်းသည်မှာ ကျွန်ုပ်၌ အကြိုက်တစ်မျိုးပြောင်းလဲခါစဖြစ်၍ သို့လောသို့လောရှိနေစဉ် သူ၏စာကိုဖတ်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဟုတ်တာပဲဟု ချက်ချင်းသဘောကျကာ ရဲရဲကြီးပြောင်းလိုက်ခြင်းပင်ဖြစ်လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ဟန်တစ်လုံးပန်တစ်လုံးနှင့် ခံ့ခံ့ထည်ထည်ကြီးရေးတတ်မှကောင်းသည်ဟူသောအထင်သည် တဖြည်းဖြည်းလျော့ပါးလျက် ရှိပါတော့သည်။

## ခေတ်ပြောင်းလဲခြင်း

ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်သည့် ဆောမားဆက်မော်မ်နှင့် ကျွန်ုပ်သည် ဦးခေါင်းချင်းတိုက်မိသည်ဟုရေးခဲ့လျှင် ကြွားသည်ဟုဆိုကြမည်လောမပြောတတ်။ ယင်းဆရာကြီးနှင့် ကျွန်ုပ်သည် စာအရေးအသားတွင် အကြိုက်ချင်းတူရုံသာမက အယူအဆများ၊ ညှိဖျင်းချက်များ၊ ကောင်းသောအချက်အလက်များတွင်လည်း တူသည်ကများသောကြောင့် ကျွန်ုပ်အဖို့ရာတွင် တအံ့တဩဖြစ်ခဲ့ရဖူးပါသည်။ ထိုအချိန်မှစ၍ စာပေအရေးအသားတွင် မရှိမဖြစ်ဟူ၍ ကျွန်ုပ်တို့သဘောကျသည့် အင်္ဂါသုံးရပ်မှာ (၁) ရိုးရိုးလေးရေးခြင်း၊ အဓိပ္ပာယ်မှာ အဆန်းအကွန့်အညွန့်အတက်တွေပါစေဖို့ သဘောမထားဘဲ ပုံမှန်အတိုင်း ရိုးရိုးရေးခြင်းကိုဆိုလို၏။ ကျွန်ုပ်၏အရေးအသားကို ရိုးသည်ဟု တချို့ကဝေဖန်ကြရာ သဘောကျသူများကမူ ရိုးသော်လည်း ကောင်းသည် သို့မဟုတ် ရိုးရိုးနှင့်ကောင်းသည်ဟု ပြောကြ၏။ ကျွန်ုပ်ကိုချီးကျူးသူများသည်ပင်လျှင် ကျွန်ုပ်၏ရည်ရွယ်ချက်ကို ရိပ်မိကြဟန် မတူချေ။ သူတို့၏အထင်မှာ ဆန်းဆန်းရေးနိုင်လျှင် သာ၍ကောင်းလိမ့်မည်ဟု ဆိုချင်ပုံရ၏။ ကျွန်ုပ်ကမူကား တမင်တကာ ရိုးရိုးကြီးရေးဖို့ ကြိုးစားလျက်ရှိပါသည်။ အဆန်းအကွန့်၊ အတွန့်အတက်များသည် တစ်ခါက ခေတ်စားခဲ့ဖူးသော်လည်း စကားလုံးလှလှရွေးပြီး ညှစ်ထုတ်စဉ်းစားနေဖို့ရန်မှာ စာရေးသူကလည်း အချိန်မပေးနိုင်၊ ဖတ်သူကလည်း အရသာခံချိန် မရှိသောခေတ် ဖြစ်လာခဲ့လေပြီ။ စကားလုံးလှလှရွေးပြီး တန်ဆာဆင်သောအလုပ်မှာ စကားပြေသမားများအတွက် မဟုတ်တော့၊ ကဗျာလင်္ကာသမားတို့၏အလုပ် ဖြစ်သွားခဲ့လေပြီ။ စာဖတ်ဝါနုသောပရိသတ်သည် ကဗျာဆန်သောစကားပြေမျိုးကို ကောင်းသည်ဟုထင်တတ်သေးသော်လည်း ဝါရင့်သောပရိသတ်ကမူ ပြုံးဖို့နားလည်ကုန်ကြလေပြီ။

## ရှင်းရှင်းရေးတတ်ရမည်

(၂) အဓိပ္ပာယ် ရှင်းရှင်းရေးခြင်း၊ ဆိုလိုခြင်းမှာ စကားပြေရေးခြင်းသည် ပဟေဠိ (စကားဝှက်) မဟုတ်သည်ကို ကျွန်ုပ် အထူးသတိပြုသည်။ ခက်ခဲနက်နဲသောအဓိပ္ပာယ်ရှိသည့် စာပင်ဖြစ်စေ တစ်ခေါက်ဖတ်ရုံမျှဖြင့် နားသယ်ကို နှက်လိုက်ဘိသကဲ့သို့ 'အလန့်တကြား' နားလည်စေခြင်းသည် ကျွန်ုပ်သဘောကျသော ရေးနည်းမျိုးဖြစ်၏။ တချို့စာရေးဆရာများသည် ခပ်လွယ်လွယ်ရှိသော အဓိပ္ပာယ်မျိုးကိုပင် နှစ်ခေါက်၊ သုံးခေါက် ဖတ်ယူရသောစာမျိုးဖြစ်အောင် ရေးချင်တတ်၏။ ကျွန်ုပ်အဖို့မှာ အဆိုပါစာမျိုးကို ဖတ်ဖို့ စိတ်မရှည်တတ်ပေ။

## ဒေါင်းဒေါင်းပြေးခြင်း

(၃) ဖတ်၍ ချောခြင်း၊ စာတစ်ပုဒ်ကို ဖတ်လိုက်သည့်အခါ 'ဒေါင်း ဒေါင်း ဒေါင်း ဒေါင်း' ပြေး၍ နားထဲသို့ အလိုက်သင့်ဝင်သွားသော စာမျိုးကိုဆိုလိုသည်။ ယင်းအင်္ဂါနှင့်မပြည့်စုံသောစာမျိုးကို ဖတ်ရသည့်အခါ သမံတလင်းပေါ်တွင် သဲဖြူးပြီး သတ္တုအိုးဖင်နှင့်ပွတ်သောအသံကဲ့သို့ ကျွန်ုပ်၏နားထဲ၌ အခံရခက်လှသည်။ မိမိရေးသောစာသည် ချော၊ မချော စစ်ဆေးလိုသည့်အခါ အသံကျယ်ကျယ်ထုတ်၍ ဖတ်ခြင်းသည် ကောင်းသောစစ်ဆေးနည်းတစ်ခုဖြစ်၏။ သို့ရာတွင် ဤသည်မှာ အတော်ပညာပါသောရေးနည်းဖြစ်၍ နားကောင်းဖို့လည်းလိုသည်။ နားညံ့သောလူများသည် မချောသောစာကို ဖတ်ပြသော်လည်း မချောခြင်းကို မသိဘဲရှိနေတတ်၏။ ကျွန်ုပ်၏အထင်မှာ စာအမြောက်အမြားရေးခြင်း အလေ့အကျင့်ပြုလုပ်ပြီးသည့်အခါမှသာလျှင် နားကောင်းလာနိုင်သည်ထင်၏။ သို့သော် ရွက်ကြမ်းရေကျိုမျှလောက်နားကောင်းဖို့မှာ ကြိုးစားလျှင်ဖြစ်နိုင်လောက်ပေသည်။

## ညိုမြ၏ စကားတစ်ခွန်း

အထက်ပါ မရှိမဖြစ်သော ကောင်းခြင်းအင်္ဂါများအပြင် ကျွန်ုပ်သတိထားမိသောအချက်အလက်တချို့လည်းရှိပါသေး၏။ ၁၉၆၁ ခုနှစ် နှစ်လယ်လောက်က စာရေးဆရာ ညိုမြသည် မုံရွာမှရန်ကုန်သို့အပြန် လူထုသတင်းစာတိုက်သို့ ဝင်လာစဉ် (မည်သည့်ကိစ္စအတွက်ဟု ကျွန်ုပ်မမှတ်မိ) စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများပါဝင်သည့် ပညာသည်တစ်စုနှင့်အဆင်သင့်ဆုံစည်းမိသဖြင့် စကားအနည်းငယ်ပြောသွား၏။ သူ၏စကားထဲတွင် "အောက်မြန်မာပြည်ကလူတွေ စာမရေးတတ်ပါဘူး" ဟူသောစကားလုံးတစ်ခုပါရှိ၏။ သူသည် ထိုကဲ့သို့ သိမ်းကျုံးပြောဆိုလိုက်ရာ၌ စိတ်ထဲမှာရှိသည်ထက် ခနဲ့သည့်သဘောမျိုးနှင့် ငေါ့လိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ညိုမြ၏စကားတစ်လုံးသည် ကျွန်ုပ်၏ဝမ်းထဲ၌ တရေးရေးပေါ်ဖူးသည့် အယူအဆတစ်ခုကို နှိုးဆွပေးလိုက်သည့်နှယ် ဖြစ်သွားသည်နှင့် ဤအကြောင်းကို ဆက်လက်စဉ်းစားမိရာ အောက်ပါအတွေးအခေါ်များ ဖြစ်ပေါ်လာပါသည်။

## စကားလုံးကြွယ်ခြင်းနှင့်ပီခြင်း

စာရေးဆရာများသည် စာထဲတွင်တွေ့ရသော စကားလုံးများမှ လည်းကောင်း၊ အချင်းချင်းပြောကြသော စကားလုံးများမှလည်းကောင်း ထုတ်နုတ်ကာ စီကုံးနှုန်းဖွဲ့ကြရသည်ချည်းဖြစ်ရာ စာတွေ့အရာတွင် အထက်သားနှင့် အောက်သားခြားနားခြင်းမရှိ၊ အဖတ်များသူက သာနိုင်သည်။ သို့သော် ပြောစကားမှရသောအလုံးများမှာမူ အထက်သားကနိုင်၍ အောက်သားထက် (Vocabulary) ကြွယ်ဝနိုင်သည်ဟု ကျွန်ုပ် စဉ်းစားမိသည်။ ပြောစကားလုံးပင်ဖြစ်သော်လည်း အချက်ကျ၍ အဓိပ္ပာယ်ပေါ်လွင်သော စကားလုံးဖြစ်ခဲ့လျှင် စာထဲ၌ ညှပ်၍သုံးလေ့ရှိသည့် ကျွန်ုပ်၏စာမူများကို အောက်သားများဖတ်ရသည့်အခါ သူတို့မကြားဖူးသော စကားလုံးများပါတတ်၍ နားမှလည်ပါမည်လောဟု စိုးရိမ်မိဖူးသည်။ သို့ရာတွင် ကြားပင် မကြားဖူးသော်လည်း စကားသုံးပုံကို မြင်ခြင်းအားဖြင့် (စာရည်ဝသူဖြစ်ခဲ့လျှင်) အဓိပ္ပာယ်ကို တွေးယူနိုင်လောက်သည်။ သို့ဆိုလျှင် စာဖတ်သူအဖို့ စကားတစ်လုံးတိုးသွားနိုင်သည်ဟု ကျွန်ုပ် ယူဆသည်နှင့် ဤနောက်ပိုင်းတွင် ထိုရေးနည်းမျိုးကို တွင်တွင်ကြီးအသုံးပြုလာခဲ့သည်။ ညိုမြသည် အောက်သားများ၏ စကားလုံးခေါင်းပါးခြင်းကို အထောက်အထားပြုပြီး "စာမရေးတတ်ပါဘူး" ဟု ပြောလိုက်ခြင်းဖြစ်ဟန်တူပေရာ တစ်နည်းအားဖြင့် မှန်သည်ဟု ကျွန်ုပ်ကလည်းထောက်ခံလိုသည်။ သို့ရာတွင် ကျွန်ုပ်ကမူ ခြွင်းချက်လေးဖြည့်စွက်လို၏။ အထက်သားတိုင်းသည် အောက်သားတိုင်းထက်သာသည်ဟု မဆိုလို။ အထက်သားတိုင်း စာရေးတတ်သည်ဟူ၍လည်း မဆိုလို။ ပုဂ္ဂိုလ်အသီးသီး၏ ပါရမီခံကလည်း ရှိပေသေးသည်။ မန္တလေးမြို့သည် မင်းနေပြည်ဖြစ်ခဲ့ဖူးခြင်းကြောင့် (ဝါ) အညာအရပ်သည် မင်းနေပြည်နှင့် နီးကပ်သောကြောင့် မြန်မာစကားလုံးကြွယ်ခြင်းနှင့်ပီခြင်းကို ဝန်ခံထိုက်သည် ထင်ပေရာ အောက်သားစာရေးဆရာကောင်းတစ်ယောက်သည် မန္တလေးမြို့၌ မွေးဖွားခဲ့ရပါက မိုးထိုးအောင်ထောင်သွားနိုင်သည်ဆိုခဲ့လျှင် အောက်သားစာရေးဆရာများအဖို့ ခုသာခံသာရှိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ပြောစကားလုံး ညှပ်သုံးခြင်း

ရှေးခေတ်က စာရေးဆရာများသည် ကာရန်လေးနှင့်ရေးတတ်ကြ၍ ကာရန်ကို ငဲ့ရသောကြောင့်ဖြစ်စေ၊ မိမိတတ်ကြောင်းကို ပြလို၍ဖြစ်စေ ပေါရာဏစကားလုံးများ ညှပ်သုံးတတ်ကြ၏။ လူတိုင်းနားမလည်ချင် နေစေ၊ စာခံ့သည်ဟု သဘောထားတတ်ကြ၏။ ဤခေတ်တွင်မူကား စကားလုံးခံ့ခြင်းသက်သက်ထက် အဓိပ္ပာယ်ပေါ်လွင်ခြင်းနှင့် အလွယ်ဆုံး၊ အမြန်ဆုံး နားလည်စေခြင်းကို အလေးပေး၍ ရေးသားလျက်ရှိကြလေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# သဲကုန်းမြို့နယ်၌ လူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန် လူငယ်စကားဝိုင်းကျင်းပ

သဲကုန်း စက်တင်ဘာ ၁၀

လူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန်နှင့် လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာလ ၁၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(အင်းမ) ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (အင်းမ) ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းမာလာက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လူငယ်စကားဝိုင်းမှ အသိပညာဗဟုသုတများ ပိုမိုရရှိစေရေး၊ စကားပြောအတတ်ပညာကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်စေရေးစသည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade -8 မှ မောင်သူရိန်ထက်က လူငယ်နှင့်စာပေ၊ မမြတ်ဖူးယသုန်က လူငယ်နှင့်စာရိတ္တ၊ မမေဖူးသစ်နွယ်က လူငယ်နှင့်ယဉ်ကျေးမှု၊ မဇင်မြတ်သူက လူငယ်နှင့်ပညာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၉-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | ပေါင် | ၄ ဒသမ | ၃၃ | လက်မ |
| ရွှေကျင် | ၁၀ ဒသမ | ၇၁ | လက်မ | ဘားအံ | ၄ ဒသမ | ၀၅ | လက်မ |
| မဒေါက် | ၈ ဒသမ | ၄၇ | လက်မ | ဘားအံ | ၃ ဒသမ | ၆၅ | လက်မ |
| ထားဝယ် | ၇ ဒသမ | ၆၃ | လက်မ | (စိုက်ပျိုးရေးမိုးလေဝသ) | | | |
| ကမမောင်း | ၇ ဒသမ | ၀၅ | လက်မ | ချောင်းဆုံ | ၃ ဒသမ | ၆၃ | လက်မ |
| ကျိုက္ခမီ | ၆ ဒသမ | ၃၄ | လက်မ | ရေး | ၃ ဒသမ | ၃၉ | လက်မ |

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တက်ရောက်






နေပြည်တော် စက်တင်ဘာ ၁၀

ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့်ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်ကို "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့တွင် အခမ်းအနားများကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာလ ၂၇ ရက်တွင် နေပြည်တော်၌ကျင်းပသွားမည်ဖြစ်ပြီး ၎င်းနေ့အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Naypyitaw State Academy မှ ခေတ္တပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်နှင့်ကောလိပ်များမှ သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းပါဝင်ဖတ်ကြားမည့်သူများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းမှ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပရခြင်းမှာ ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် အကျိုးသက်ရောက်မှု၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့်အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ်အပါအဝင် (၁၄)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်အလိုက်ဆောင်ပုဒ်များကို သတ်မှတ်ပေးလေ့ရှိပြီး ယခုနှစ်အတွက်ဆောင်ပုဒ်မှာ "Tourism and Sustainable Transformation" "ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့"ဟုအဓိပ္ပာယ်ဖွင့်ဆိုထားရှိကြောင်း။

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် စာတမ်းဖတ်ပွဲများကို စီစဉ်ကျင်းပလျက်ရှိကြောင်း၊ ယနေ့ကျင်းပသော စာတမ်းဖတ်ပွဲသို့ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ မဟာဘွဲ့သင်တန်းသားများ၊ ဝန်ကြီးဌာနမှအရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ ပါဝင်ဖတ်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့မှ ခေတ္တပါမောက္ခချုပ်က စာတမ်းဖတ်ပွဲနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးအစီအစဉ်များအား ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ စာတမ်းရှင်များက ခရီးသွားကဏ္ဍဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြသည်။ ယင်းနောက် စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့ဝင်များက ဖတ်ကြားခဲ့သည့် စာတမ်းများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအား စက်တင်ဘာလ ၁၁ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှအားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် သုံးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **(မိုး/ဇလ)**

# မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းများဆောင်ရွက်



**ပန်းတနော် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းများကို ကျုံတုံးကြီးကျေးရွာအုပ်စု ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင်၌ စက်တင်ဘာလ ၉ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဦးက စက်သုံးဆီဆိုင်ရှိ ဝန်ထမ်းများကို မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာများဟောပြောခြင်း၊ မီးလောင်မှုဖြစ်ပွားလာပါက လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးနှင့် အနီးပတ်ဝန်းကျင်ကို မီးကူးစက်ခြင်းမရှိစေရေးအတွက် အအေးပေးစနစ်ဖြင့် အပူချိန်လျှော့ချခြင်းများကို ဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် Fire Safety Certificate (FSC) ရရှိရေးဆောင်ရွက်ရန်များ ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်စခန်းမှူး ဦးဇေဇေအောင်က မီးသတ်ဆေးဘူး အသုံးပြုနည်းများအား ရှင်းလင်းပြသခြင်းများဆောင်ရွက်ပြီး DCP မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Foam ဆေးရည်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် ရေဖျန်းပက်ခြင်းများဆောင်ရွက်ခဲ့ကာ မီးဘေးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သာသနိကအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ တည်းခိုခန်းများ၊ လူနေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# ဟုမ္မလင်းမြို့နယ် ကျွန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

**ဟုမ္မလင်း စက်တင်ဘာ ၁၀**


စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် ကျွန်းကျေးရွာ၌ ဆဋ္ဌမအကြိမ်စီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၁၀ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ယုမေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာငွေးက ကျွန်းကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကျွန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးအတွက် ငွေကျပ် သိန်း ၃၁၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးအတွက် ငွေကျပ် ၈၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၆၇ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးအတွက် ငွေကျပ် ၁၀ သိန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးအတွက် ငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးအတွက် ငွေကျပ် ၄၉၅ သိန်းအား အသင်းသားတစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**




# မောက်မယ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**မောက်မယ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၉ ရက်က မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်းနှင့် မောက်မယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် မောက်မယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစွမ်းရည်ထူးက သင်တန်းနှင့်စပ်လျဉ်း၍ သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်း၊ မောက်မယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်နှင့် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းတို့က သင်တန်းအထောက်အကူပြုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် မောက်မယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက သဘာဝမြေသြဇာထုတ်လုပ်နည်းအပြင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများကို စာတွေ့လက်တွေ့ဖြင့် စက်တင်ဘာလ ၈ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**အေးသူ**

# ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို စက်တင်ဘာလ ၉ ရက်က ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်နေသော ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် ယခုနှစ်အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေးဟူသော ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းနောက် ပါဝင်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့်ဘောပင်များ၊ ပန်းချီဆွဲစက္ကူနှင့်ဆေးရောင်စုံခြယ်ဘူးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ကျေးသီးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်စကားဝါကျောင်းဆောင်သစ်ဖွင့်လှစ်



**ကျေးသီး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်းမှ နှစ်ထပ်စကားဝါကျောင်းဆောင်သစ်ဖွင့်ပွဲကို စက်တင်ဘာလ ၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကျေးသီးမြို့နယ်အခြေခံပညာအထက်တန်းကျောင်း စကားဝါကျောင်းဆောင်သစ်၏ စီမံကိန်းတန်ဖိုးမှာ ငွေကျပ် ၅၉၄ သန်းဖြစ်ကြောင်း၊ ကျေးသီးမြို့နယ်အတွင်း ယခုနှစ်တွင် ကျောင်းသားဦးရေ ၁၂၁၄၈ ဦးအထိ ပညာသင်ကြားလျက်ရှိပြီး ကျောင်းနေနှုန်းမှာ ၇၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိရေးအတွက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းကျောင်းဘဏ္ဍာတပ်ဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းအုပ်ဆရာမကြီးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ကျောင်းဆောင်သစ်ရှိ စာသင်ခန်းမနှင့် ကျောင်းဆောင်ဟောင်းတို့အား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပဲခူး စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၅)ကို စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဒေသတွင်းလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းအကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၏ တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ဖွံ့ဖြိုးတိုးတက်စေရေး၊ စားရေရိက္ခာဖူလုံစေရေး လအလိုက်တိုးချဲ့ဆောင်ရွက်သွားရမည့် လိုအပ်ချက်များအား အသေးစိတ်ဖြည့်စွက်ရှင်းလင်းမှာကြားကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**တောင်ကြီး စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၉ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် တာချီလိတ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာချီလိတ်ခရိုင်အသင်းက တောင်ကြီးခရိုင်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက်ဆုပေးပွဲကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းအကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၅၀၀၀၀ အား ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးကလည်းကောင်း၊ နောက်တန်းအကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၅၀၀၀၀ အား ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်ကလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၅၀၀၀၀ အား နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၅၀၀၀၀ အား ဆေးတက္ကသိုလ် ပါမောက္ခချုပ်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၅၀၀၀၀ အား တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ကလည်းကောင်း၊ တတိယဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ခြောက်သိန်းအား ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသော တောင်ကြီးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်ရှစ်သိန်းအား ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသော တာချီလိတ်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ ငွေသားဆုငွေကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးကလည်းကောင်း ဆုများအသီးသီးပေးအပ်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပထမဆုရရှိသော အသင်းအား ငွေကျပ်ငါးသိန်း၊ ဒုတိယဆုရရှိသောအသင်းအား ငွေကျပ်သုံးသိန်း၊ တတိယဆုရရှိသောအသင်းအား ငွေကျပ်နှစ်သိန်းစုစုပေါင်းငွေကျပ် ၁၀ သိန်းကို ထပ်ဆောင်းပေးအပ်ကြောင်း သိရသည်။

**(၄၀၅)**

# လူငယ်စကားဝိုင်းဆွေးနွေး

**ရပ်စောက် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရတနာပုံ၌ စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုအောင်က ကျောင်းသား၊ ကျောင်းသူများအား စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူအများရှေ့၌ ရဲရင့်စွာပြောဆိုဆွေးနွေးတတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးခြင်းအလေ့အကျင့်ကောင်းများရရှိလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Grade-12 မှ မောင်အံ့မင်းခန့်က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့်ဦးဆောင်ဆွေးနွေးပြီး Grade-12 မှ မမေဖူးပြည့်ဟန်၊ မလဲ့ရည်ဖြိုး၊ မခင်သူဇာမြင့်နှင့် မောင်သော်ဇင်အောင်တို့က လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် စာဖတ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းတက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများအပြန်အလှန်မေးမြန်းကြပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးပပျောက်ရေး၊ ဆေးလိပ်အန္တရာယ်အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များပြသခြင်းဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေး

**မြစ်သား စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြန်မာအီလက်ထရောနစ်(MEVM)မဲပေးစက်အကြောင်းအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြသခြင်းကို စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ယဉ်မွန်ဖိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်(MEVM)မဲပေးစက်ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကူမဲတိုက်နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၆ အုပ်စုမှ ပြည်သူများအား မဲပေးခြင်းသရုပ်ပြသကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

# ပြောင်းလဲလာသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်

ဒေါက်တာဥမ္မာစော

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ကမ္ဘာအနှံ့တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံသဘောတရားခံယူချက်များ ပြောင်းလဲလာကြသည်။ ရောဂါကိုသက်သာပျောက်ကင်းအောင် ကုသပေးရန်ဆိုသော ကျဉ်းမြောင်းသည့်အမြင်မှသည် အလုံးစုံကောင်းမွန်ရေးကိုမျှော်မှန်း၍ အထွေထွေကျန်းမာရေးကောင်းမွန်ရန်သာမက ကာယ၊ ဉာဏ လုပ်ကိုင်နိုင်စွမ်းရှိသည့် သက်ရှည်ကျန်းမာစွာနေနိုင်ရန်ဦးတည်လာကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသရေးသာမက ရောဂါကာကွယ်ရေးကိုပါ ထည့်သွင်းဆောင်ရွက်လာပြီး တစ်ဦးချင်းမှသည် လူထုတစ်ရပ်လုံး ကျန်းမာနိုင်စေရေးကိုရည်ရွယ်လာကြသည်။ လူမှုစီးပွားအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာခံစားချက်နှင့် ပြုမူပုံ၊ ပတ်ဝန်းကျင်၏သက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားလာကြသည်။

ကမ္ဘာတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှု ပြောင်းလဲလာသောပုံစံကို အောက်ပါအတိုင်းတွေ့ရပါသည်-

**ရောဂါကို ဦးတည်ကုသမှုမှသည် အလုံးစုံကျန်းမာရေးသို့**

ရောဂါအခြေပြုကုသမှုမှသည် ကျန်းမာသက်ရှည်နေထိုင်နိုင်ရေး၊ ရောဂါကာကွယ်ရေး၊ စိတ်ရောကိုယ်ပါ အလုံးစုံကောင်းမွန်ရေးကို တိုးတက်ဆောင်ရွက်လာခဲ့ကြသည်။

**တစ်ဦးချင်းမှသည် လူထုကျန်းမာရေးဆီသို့**

တစ်ဦးချင်းကို ဦးတည်စောင့်ရှောက်မှုမှသည် လူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်လာကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့၏ သက်ရောက်မှုများကိုလည်း သိမြင်နားလည်လာကြသည်။

**ကုသမှုလုပ်ငန်းစဉ်တွင် လူနာပါဝင်ဆုံးဖြတ်လာမှု**

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် လူနာသည် ၎င်း၏ကျန်းမာရေးအတွက် အရေးပါဆုံးသူဖြစ်သောကြောင့် ကုသမှုနည်းလမ်းများရွေးချယ်ရာတွင် မူလက ဆေးပညာရှင်များ၏ဆုံးဖြတ်ချက်ကသာ အဓိကကျခဲ့သော်လည်း ယခုအခါ လူနာ၏ဆန္ဒ၊ သဘောထားနှင့် ရွေးချယ်မှုကို အလေးအနက်ထားလာကြသည်။ ထိုကဲ့သို့ရွေးချယ်ဆုံးဖြတ်နိုင်ရန် ကုသနိုင်သောနည်းလမ်းများ၊ အကျိုးအပြစ်များ၊ ကုသမှုကြောင့် ကောင်းသွားနိုင်ခြေ၊ ကုန်ကျစရိတ် စသည်တို့ကို လူနာနှင့်လူနာရှင်များအား နားလည်အောင် ရှင်းလင်းပြောပြထားရန်နှင့် ပိုမိုကောင်းမွန်သောကုသမှုပေးနိုင်မည့် နေရာများကိုလည်း ညွှန်ပြပေးရန်လိုအပ်သည်။ သို့မှသာ လူနာအနေဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်ကာ ကုသမှုခံယူနိုင်မည်ဖြစ်သည်။ လူနာကိုယ်တိုင် ပါဝင်ဆုံးဖြတ်၍ ပွင့်လင်းမြင်သာမှုရှိသော ကုသမှုဖြစ်စဉ်သည် ပိုမိုထိရောက်ပြီးအောင်မြင်မှုရစေသည်။

**ကုသမှုမှသည် ကာကွယ်ခြင်းဆီသို့**

ရောဂါကို ဖြစ်မှကုသခြင်းထက် မဖြစ်မီကုသသည့်နည်းလမ်း၊ ကာကွယ်နိုင်မည့်နည်းလမ်းများကို ပို၍ဦးတည်လုပ်ဆောင်လာကြသည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ခြင်း၊ ကာကွယ်၍ရသောရောဂါများကို ကာကွယ်ဆေးထိုးခြင်း၊ ရောဂါမဖြစ်မီကပင် ကြိုတင်ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူထုသို့ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်လာကြသည်။ ကိုယ်လက်လှုပ်ရှားအားကစားကဏ္ဍ မြှင့်တင်ပေးခြင်း၊ လူထုအားကစားရုံများ ဆောက်လုပ်ပေးခြင်း၊ အားကစားပွဲများကျင်းပကာ လူထုမှပါဝင်လာစေခြင်းဖြင့် တက်ကြွလှုပ်ရှားလူနေမှုပုံစံကို ဖော်ဆောင်လာကြသည်။ နေ့စဉ်စားသောက်နေထိုင်မှုကို ကျန်းမာသောနေထိုင်မှုပုံစံဖြစ်စေရန် အသိပညာပေးခြင်းအပြင် နှစ်စဉ် ကျန်းမာရေးစစ်ဆေးပြီး ရောဂါမဖြစ်မီကပင် ဖြစ်စေနိုင်သောအကြောင်းအရာများကိုရှာဖွေကုသလာကြသည်။ ဥပမာ- အသက် ၅၀ နှစ်နှင့်အထက်များကို ခြောက်လတစ်ကြိမ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်၍ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတွင်းအဆီများခြင်း ရှိ၊ မရှိကို စမ်းသပ်ရှာဖွေကုသထားခြင်းဖြင့် လေဖြတ်ရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါများကို ကာကွယ်နိုင်သည်။ အဓိကအားဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအတွက် အသိပညာပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အပြုအမူအနေအထိုင်များ ပြောင်းလဲလာအောင်လုပ်ဆောင်ခြင်းဖြင့် ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို အလေးအနက်ထား ဆောင်ရွက်လာကြသည်။ ကာကွယ်၍ရသော ကူးစက်နိုင်သည့်ရောဂါများကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားနှုန်းကို လျှော့ချလာကြသည်။ ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဆောင်ရွက်ခဲ့သကဲ့သို့ ရောဂါပျံ့နှံ့ဖြစ်ပွားမှုတစ်ခုရှိပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာကာကွယ်ဆေးများ စမ်းသပ်၊ ထုတ်လုပ်၊ ထိုးနှံကာ ပြန့်ပွားနှုန်းကိုရပ်တန့်အောင် ကြိုးစားခဲ့ကြသည်။

**ဆေးရုံအခြေပြုကုသမှုမှသည် လူထုအတွင်း အိမ်တိုင်ရာရောက်ကုသမှု**

မူလက နာမကျန်းဖြစ်လျှင် မြို့ပြရှိ ဆေးရုံများသို့သွားရောက်ကာ ကုသရသော်လည်း ယခုအခါ ရပ်ကွက်၊ ကျေးရွာ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပြောင်းလဲဖော်ဆောင်လာကြသည်။ ဆေးရုံများ၌ အလုပ်ဝန်ပိမှုနှင့် ကျန်းမာရေးဝန်ထမ်းနည်းပါးမှုကို ကာမိစေနိုင်ပြီး မြို့ပြသာမက နယ်မြို့များနှင့်ကျေးရွာများအထိပါ ကျန်းမာရေး စောင့်ရှောက်မှုပေးလာနိုင်သည်။ ဒေသန္တရကျန်းမာရေးဌာနများဖွင့်လှစ်ပြီး

> **" မြို့ပြကျေးရွာ ကွာခြားချက်မရှိ ကျန်းမာရေးစောင့်ရှောက်မှုရစေရန်သာမက လူနည်းစုလူမျိုးစုများ၊ လူ့အသိုက်အဝန်းမှ ရှောင်ကြဉ်ခံလူများ၊ အားနည်းချက်ရှိသော လူများကိုပါ အခွင့်အရေးတန်းတူရစေရန် ဆောင်ရွက်လာကြသည့်. . ."**

သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများသို့ အိမ်တိုင်ရာရောက် ရောဂါကုသရေး၊ ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဖြန့်ကြက်လုပ်ဆောင်လာကြသည်။ ကျေးလက်ကျန်းမာရေးဌာန Rural Health centers (RHC)၊ sub rural clinic များတိုးချဲ့ဖွင့်လှစ်ကာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေး စေတနာရှင်များ ပူးပေါင်း၍ မိခင်နှင့်ကလေးကျန်းမာရေး၊ ရောဂါကာကွယ်ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြသည်။ WHO၊ UNICEF နှင့် NGOs အဖွဲ့အစည်းများမှလည်း ပံ့ပိုးကူညီပေးခဲ့ကြသည်။ အရန်သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများသည် အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုတွင် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်လာကြသည်။ လူထုအခြေပြုစိတ်ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်ခံရမှုကွာခြားချက်ကို တတ်နိုင်သမျှနည်းပါးအောင် ဆောင်ရွက်ခဲ့ကြသည်။

**နာတာရှည်ရောဂါများနှင့် တစ်သက်တာကျန်းမာရေးစောင့်ရှောက်မှု**

ယခင်က ကျန်းမာရေးစောင့်ရှောက်မှုတွင် ကူးစက်ရောဂါများနှင့် အရေးပေါ်အခြေအနေကိုသာ အဓိကထား ဖြေရှင်းကုသခဲ့ကြသည်။ တီဘီ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ HIV စသည့်ကူးစက်ရောဂါများကို အလေးထားကုသပြီး လူထုအတွင်း ရောဂါပြန့်ပွားမှုမရှိအောင်၊ သေဆုံးနှုန်းလျှော့ကျအောင် ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ သက်ရှည်ကျန်းမာနေထိုင်နိုင်ရေးအတွက် မကူးစက်နိုင်သော်လည်း အလေးထားဆောင်ရွက်ရန်လိုအပ်သည့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်ကုသသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်လာကြသည်။ နာတာရှည်ရောဂါများကို စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းသာမက သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး၊ ပြန်လည်သန်စွမ်းရေး၊ စိတ်ကျန်းမာရေးနှင့် လူငယ်များအား စိတ်ကြွမှုးယစ်ဆေးအန္တရာယ်မှ ပြန်လည်ထူထောင်ရေးတို့ကိုပါ အရေးပေးလုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံ၌ လူထုနှင့်အနီးစပ်ဆုံးတွင်ရှိသော ဒေသန္တရကျန်းမာရေးဌာနများသည် မူလက ကူးစက်ရောဂါကာကွယ်ကုသရေး၊ ကာကွယ်ဆေးထိုးနှံရေးတို့ကို ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ နာတာရှည်ရောဂါများ ကုသရေး၊ ကာကွယ်ရေးလုပ်ငန်းစဉ်များပါ ဆောင်ရွက်လျက်ရှိသည်။ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများမှလည်း ပံ့ပိုးကူညီလျက်ရှိသည်။

**လူသားတိုင်းကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု**

မူလကျန်းမာရေးစောင့်ရှောက်မှုပုံစံတွင် မြို့ပြနေလူတန်းစားများ၊ တတ်နိုင်သည့်သူများသာ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရသော်လည်း ယခုအခါ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို ငွေကြေးအခက်အခဲမရှိစေဘဲ လူတိုင်းရရှိစေရန် ရည်ရွယ်လုပ်ဆောင်လာကြသည်။ မြို့ပြကျေးရွာ ကွာခြားချက်မရှိ ကျန်းမာရေးစောင့်ရှောက်မှုရစေရန်သာမက လူနည်းစုလူမျိုးစုများ၊ လူ့အသိုက်အဝန်းမှ ရှောင်ကြဉ်ခံလူများ၊ အားနည်းချက်ရှိသော လူများကိုပါ အခွင့်အရေးတန်းတူရစေရန် ဆောင်ရွက်လာကြသည်။ မိခင်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှုရစေရေးကိုလည်း အလေးထားလာခဲ့သည်။ လူထုအနေဖြင့် ကုန်ကျစရိတ်မရှိဘဲ ကုသမှုရရှိနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်း၊ ကျန်းမာရေးအာမခံထားသည့်စနစ်ကိုမြှင့်တင်ခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများမှ အကူအညီရယူခြင်းများ ဆောင်ရွက်လာကြသည်။

**ကျန်းမာရေးအာရုံစိုက်မှုမှသည် လူမှုစီးပွားအခြေအနေမြှင့်တင်ခြင်း**

ရောဂါကုသမှုကိုအခြေပြုသော ယခင်က ဆရာဝန်၊ ဆေးဝါးများကိုသာ အဓိကထားခဲ့သော်လည်း ယခုအခါ ကျန်းမာရေးအပေါ်သက်ရောက်နိုင်သော လူမှုစီးပွားအခြေအနေဖြစ်သည့် ပညာရေး၊ နေအိမ်အဆောက်အအုံ၊ ပတ်ဝန်းကျင်၊ ဝင်ငွေတို့ကိုပါ ထည့်သွင်းစဉ်းစားလာကြသည်။ နယူးဇီလန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် Well being Budget တွင် စိတ်ကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ ဆင်းရဲမှုလျှော့ချရေးတို့ ပါဝင်ခဲ့သည်။ တောင်အာဖရိကနိုင်ငံ၏ လူထုအခြေပြုလုပ်ငန်းစဉ်တွင် ရေကောင်းရေသန့်ရရှိရေး၊ အာဟာရပြည့်ဝရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရန် ဆောင်ရွက်ခဲ့ကြသည်။ စကော့တလန်နိုင်ငံ၏ Health in All Policies အရ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အိမ်ရာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေး တိုးတက်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အီလက်ထရွန်နစ် ကျန်းမာရေးစနစ်သို့ ကူးပြောင်းခြင်း**

ကျန်းမာရေးဆိုင်ရာမှတ်တမ်းများကို မူလက စာရွက်များအသုံးပြုခဲ့သော်လည်း ယခုအခါ Digital မှတ်တမ်းထိန်းသိမ်းမှုများ ပြုလုပ်လာခဲ့သည်။ လူကိုယ်တိုင် ဆရာဝန်နှင့်တွေ့၍ ကုသမှုခံယူရခြင်းမှသည် နယ်ဝေးမှလူနာများကို ဖုန်း၊ ကွန်ပျူတာ စသည့် ရုပ်မြင်သံကြားစနစ်များအသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလာသကဲ့သို့ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည်များကိုလည်း ညွှန်ကြားပေးနိုင်ခဲ့သည်။ ဝတ်ဆင်ထားသောကိရိယာများမှတစ်ဆင့် လူနာ၏ကျန်းမာရေးအခြေအနေကို အဝေးမှစောင့်ကြည့်လေ့လာကာ လိုအပ်သောအကြံဉာဏ်ပေးမှု၊ ရက်ချိန်းပေးမှုအပြင် ကုသမှုဆေးညွှန်းများပါ ပေးနိုင်ခဲ့သည်။ ဉာဏ်ရည်တုနည်းပညာသုံး AI tools များဖြစ်သော Chat GPT အသုံးပြု၍ အရေးပေါ်အခြေအနေတွင် လူနာများ၏ အန္တရာယ်ရှိမှုကို (Triage) ခွဲခြားနိုင်သကဲ့သို့ ကျန်းမာရေးပညာပေးခြင်း၊ မှတ်တမ်းများ စနစ်တကျခွဲဝေသိမ်းဆည်းခြင်း၊ ပြန်လည်စိစစ်ခြင်းများ ဆောင်ရွက်နိုင်သည်။ ယူဂန်ဒါနိုင်ငံတွင် ဒရုန်းများအသုံးပြု၍ သွေးနှင့်ဆေးဝါးများကို ဝေးလံသောဆေးရုံများသို့ ပေးပို့ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အတွေးအမြင်၊ လုပ်ဆောင်မှုများ ပြောင်းလဲလာခြင်းဖြင့် လူတိုင်း အလုံးစုံကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လာကြသည်။ WHO ၏ဦးဆောင်မှု၊ ဒေသတွင်းနှင့် နိုင်ငံများကြား အပြန်အလှန်ပူးပေါင်းကူညီမှုများဖြင့် လက်တွဲခေါ်ယူစောင့်ရှောက်ခဲ့ကြသည်သာမက သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်များပါ ဝိုင်းဝန်းဆောင်ရွက်နေကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကန်ကြီးထောင့်မြို့နယ်၌ မှတ်ပုံတင် အိမ်ထောင်စုစာရင်းမရှိသူများအား ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်



**ကန်ကြီးထောင့် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဧရာသီရိသုခခန်းမ၌ ကျေးရွာအုပ်စုအတွင်းရှိ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများအား ထုတ်ပေးနိုင်ရေး စိစစ်ခြင်းကို စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဒါးကကျေးရွာအုပ်စုအတွင်းရှိ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒါးကကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်း ကော်မတီ ငါးဦးဖြင့် ထုတ်ပေးနိုင်ရေးစိစစ်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုကြသည်။

ယင်းသို့ကြည့်ရှုရာတွင် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က လိုအပ်သည်များ မှာကြားကြကြောင်း သိရသည်။ (၄၀၇)

# ရွှေတောင်မြို့နယ်၌ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၈၉၂ ဦး တို့အား လူမှုရေးပင်စင်ပေးအပ်

**ရွှေတောင် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လူမှုရေးပင်စင်ငွေများကို စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်အထိ ထုတ်ပေးမည်ဖြစ်သည်။

အဆိုပါ လူမှုရေးပင်စင်ကို အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလ) အထိ ရွှေတောင်မြို့နယ်မြို့ပေါ်(၃)ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၈ အုပ်စုအတွင်းရှိအဘိုး၊ အဘွား ၈၉၂ ဦးအား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အဘိုး၊ အဘွားတစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ခြောက်လစာပေးအပ်ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းဆောင်ရွက်

**ဂန့်ဂေါ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ)ကျောင်းနှင့် ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ကျောတိုက်) ကျောင်းတို့၌ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအခြေပြုကာကွယ်ဆေးများထိုးနှံပေးခြင်းကို ဆောင်ရွက်ကြသည်။

ထိုသို့ကာကွယ်ဆေးများထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက KG ကျောင်းသား၊ ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံပေးကာ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ကြပြီး သက်ဆိုင်ရာကျောင်းအုပ်ဆရာ/ဆရာမကြီးများ၊ ဆရာ/ဆရာမများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါကာကွယ်ဆေးများထိုးနှံပေးခြင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ) ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ ၄၃ ဦးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ကျောတိုက်) ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး စုစုပေါင်း KG ကျောင်းသား၊ ကျောင်းသူ ၉၄ ဦးတို့အား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံပေးနိုင်ပြီး ကာကွယ်ဆေးများထိုးနှံရန်ကျန်ရှိသည့် မြို့ပေါ်ရှိအခြေခံပညာကျောင်း ငါးကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးများကို အလှည့်ကျထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မောင်မျိုးမင်း**

## MWD Variety Channel

၁၁-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၅ | လောကကိုအလှဆင်ပန်းတို့ဥယျာဉ် |
| ၂။ | ၁၀:၄၀ | ဖန်တီးသူတို့အနုပညာ |
| ၃။ | ၁၁:၃၅ | ကဗျာအလှ ရသလွင်ပြင် |
| ၄။ | ၁၂:၂၀ | Variety Choice |
| ၅။ | ၁၆:၃၀ | ကြယ်ပွင့်များရဲ့ခြေလှမ်းသစ် |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၆။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၇။ | ၁၆:၀၀ | စာပေနှင့်အနုပညာသတင်း |
| ၈။ | ၁၇:၀၀ | လူသားနှင့် ဆိုက်ဘာအန္တရာယ် |
| ၉။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၁။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ အာရတီပါပါ၊ ဝိရတီပါပါ |

# တို့နှစ်ပြည်ထောင် ညီနောင်ဆွေရင်း ချစ်ကြည်ခြင်းသို့

❖ သမိုင်းစဉ်လာ၊ ကြီးမားပါသော
မြန်မာတရုတ်၊ တရုတ်မြန်မာ
ခင်မင်လာရာ၊ နှစ်ရှည်ကြာပြီ
ပမာဆိုစရာ၊ မျိုးရင်းချာသို့
မေတ္တာအပြုံး၊ ရွှင်နှလုံးနှင့်
ချစ်ထုံးနှောင်ခဲ့ ကမ္ဘာတည်။
ရွှင်ပြုံးဆောင်တဲ့ တို့နှစ်ပြည်။

❖ ငြိမ်းချမ်းစွာပင်၊ တူတွဲယှဉ်၍
ချစ်ခင်စိတ်မွေး၊ ချစ်ကြည်ရေးကို
အလေးထားကာ၊ နေထိုင်လာကြ
ရှည်ကြာနှစ်များ တိုင်ခဲ့ပြီ။
တွယ်တာလက်များ ခိုင်ခဲ့ပြီ။

❖ မြစ်ကြီးယန်စီ၊ ဧရာဝတီပါ
ရေကြည်ချမ်းမြ၊ စီးခဲ့ကြ၏
ကာလနှစ်များ ကြာခဲ့ပြီ။
ထာဝရချစ်များ သာခဲ့ပြီ။

❖ တရုတ်မြန်ပြည်၊ ဆွေနောင်ညီတို့
ဦးတည်လျှောက်လှမ်း၊ တစ်စိတ်ဝမ်းတည်း
ရွှေလမ်းကိုဖောက်၊ ငွေလမ်းဖောက်၍
ဆက်လျှောက်မြဲသာ၊ မခွဲခွာပြီ
ခိုင်မာလက်များ တွဲကြမည်။

❖ သူဖိတ်ကြားသော်၊ တို့များသွားရောက်
လွှန်ဝမ်းမြောက်မိ၊ မေ့ပျောက်မစွမ်း
ရင်ဝယ်တမ်းတ၊ တသသနှင့်
ကိုယ်ကဖိတ်လျှင်၊ ရွှင်အားတစ်ခေါက်
သူလာရောက်လိမ့်၊ ဝမ်းမြောက်ဝမ်းသာ
ကြိုဆိုပါမည်၊ မေတ္တာရစ်ပတ်
လေးမြတ်ချစ်ကြည် တို့နောင်ညီ။

❖ တို့နှစ်ပြည်ထောင်၊ ညီနောင်ဆွေရင်း
ချစ်ကြည်ခြင်းမို့၊ ရင်တွင်းဖော်ညွှန်း
စာမော်ကွန်းတည့်၊ ဆုသွန်းပတ္တနာ
ပို့မေတ္တာနှင့် ဂုဏ်တင့်ပါစေ။

❖ မေတ္တာဓာတ်ခံ၊ စဉ်ဝန်းရံလျက်
နိုင်ငံချင်းချင်း၊ ချစ်ကြည်ရင်းဖြင့်
ရိုင်းပင်းလက်ဆက်၊ မိတ်မပျက်ဘဲ
ရှေ့ဆက်ချီကာ၊ လက်တွဲပါမည်
ကမ္ဘာသက်ဆုံး တိုင်အောင်တည်း။
ခိုင်မာချစ်ထုံး နှောင်စေသတည်း။ ။

**ချမ်းမြဆောင်း(ကလော)**

# သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုအပေါ် အသိပညာပေးမွမ်းမံသင်တန်းဖွင့်လှစ်သင်ကြား



နေပြည်တော် စက်တင်ဘာ ၁၀

သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အသိပညာပေးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် ၁၆ ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Online မှ တက်ရောက်သည့် တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်နှင့် အသင်းစုတို့မှ တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူ ၄၄၇ ဦး တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကားပြောကြားရာတွင် သမဝါယမဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများအား စီမံကိန်းသီးနှံများဖြစ်သည့် စပါး၊ ဝါ၊ မြေပဲ၊ နေကြာစိုက်ပျိုးသည့်အခါ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဦးတည်ဆောင်ရွက်ရန်၊ ပြန်လည်ပြင်ဆင်သည့် သမဝါယမအသင်းဥပဒေများနှင့်အညီ သမဝါယမအသင်းများ ပြန်လည်ဖွဲ့စည်းရာတွင် BOD အဖွဲ့များ၊ အသင်းသားများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်တတ်စေရန်၊ သမဝါယမအသင်းအဆင့်ဆင့်တွင် အမှုဆောင်အဖွဲ့ အလွှဲအပြောင်းပြုလုပ်ရာ၌ အသင်း၏ရင်းနှီးပစ္စည်းများ၊ ငွေလက်ကျန်၊ ဘဏ်လက်ကျန်များ၊ စာရင်းဇယားများ၊ အစည်းအဝေးမှတ်တမ်းများကို သက်ဆိုင်ရာအသင်း၏ အသင်းစာရင်းစစ်ဖြင့် အရင်စစ်ဆေးပြီး ယခင်အမှုဆောင်အဖွဲ့မှ အတည်ပြု၍ ဌာနမှထပ်မံစစ်ဆေးအတည်ပြုကာ လွှဲပြောင်းလက်ခံသည့် အမှုဆောင်အဖွဲ့အသစ်မှ စိစစ်လက်ခံနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဝါစိုက်ပျိုးရေးစီမံကိန်း၌ နေပြည်တော်၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးကြိုဝါ၊ မိုးနှောင်းဝါကိုးသောင်းစိုက်ပျိုးရန်လျာထားမှုအပေါ် လျာထားကေပြည့်မီအောင်နှင့် ယခင်နှစ်ကထွက်ရှိသည့် အထွက်နှုန်းထက် ပြည့်မီကျော်လွန်အောင် ကြိုးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်တိုးမျိုးဖြစ်သည့် TBL-195/Raka-Bt ၊ B-31 စသည့် ဝါမျိုးများကိုသာ စိုက်ပျိုးရန် ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ဝါစိုက်ပျိုးမည့် သမဝါယမအသင်းများအတွက် အထွက်တိုးမျိုးလိုအပ်ချက်ကို သက်ဆိုင်ရာကုမ္ပဏီများနှင့် မျိုးဖြန့်ဖြူးပေးသွားရန်၊ မိမိတို့တိုင်းဒေသကြီးအစီအစဉ်ဖြင့် မှာယူဖြန့်ဖြူးထားသည့် ဝါမျိုးများသည် အထွက်နှုန်းလျော့ကျစေမည့် ယခင်နှစ်စိုက်ပျိုးပြီး ပြန်ထွက်သည့် မျိုးများမဖြစ်ရန် ကြီးကြပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များမှ ဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်သည့် အသင်းသားများကို ထည့်သွင်းခြင်းမပြုဘဲ အမှန်တကယ်ဆောင်ရွက်လိုသည့် အသင်းသားများကိုသာ စုစည်းပြီး သမဝါယမအသင်းများ ပြန်လည်ပြုပြင်ဖွဲ့စည်းရန်၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဆက်လက်ဖွဲ့စည်းပြီး အရည်အသွေးကောင်းသည့်မျိုးစေ့များ ထွက်ရှိအောင်ဆောင်ရွက်ရန်၊ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း။

သင်တန်းသားများအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်ဖြစ်သည့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သင်တန်းကပို့ချဝေမျှပေးလိုက်သောအသိပညာများနှင့် မိမိတာဝန်ယူဆောင်ရွက်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အသီးသီးမှာရှိသည့်သမဝါယမအသင်းများ စနစ်တကျရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာလ ၁၀ ရက်အထိ သေဆုံးသူ ၃၈၁၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)စာရေးဝန်ထမ်း ကြီးကြပ်သင်တန်းအမှတ်စဉ်(၉၈) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၈)၏ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ အုန်းတောခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၆ အာရှပစိဖိတ်အိမ်ခြံမြေညီလာခံ(Asia Pacific Convention)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၀

စင်ကာပူနိုင်ငံတွင် ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်ထိ နှစ်ရက်ကြာကျင်းပခဲ့သော Asia Pacific Convention အာရှပစိဖိတ် အိမ်ခြံမြေညီလာခံသို့ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး ၂၀၂၆ ခုနှစ်တွင် အဆိုပါညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားရန် MoU သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပကြောင်း သိရသည်။

အဆိုပါညီလာခံဒုတိယနေ့တွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နိုင်ငံများက သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ထိုသို့သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် အာရှပစိဖိတ်အိမ်ခြံမြေညီလာခံကို ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကာ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ တရုတ်၊ နီပေါ၊ ဟောင်ကောင်၊ မကာအိုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံတွင် ကျင်းပမည့် အိမ်ခြံမြေညီလာခံကို တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ထွန်း

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရခိုင်ပြည်နယ်သို့ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိ



စစ်တွေ စက်တင်ဘာ ၁၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီအောင်ရတနာရွှေသင်္ဘော၊ အမ်ဗွီ ရဲထွန်းအောင်(၂)သင်္ဘောနှင့် အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီအောင်ရတနာရွှေသင်္ဘော၊ အမ်ဗွီ ရဲထွန်းအောင်(၂)သင်္ဘော၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောများပေါ်မှ ဆန်နှင့်အခြေခံစားသောက်ကုန်များ ကုန်တင်ကုန်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ ကုန်တင်ကုန်ချပြုလုပ်ရာတွင် ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသည့်ပြည်သူများ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ စခန်းများတွင်နေထိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်မှာကြားသည်။

စစ်တွေမြို့တွင် ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၁၉၈ ဒသမ ၆၁ တန်၊ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၉၁၅ ဒသမ ၃ တန်၊ အမ်ဗွီ ရွှေပိုင်ဖြိုးသင်္ဘောတွင် ဆန်၊ စားသုံးဆီနှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၂၈၃ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မြို့မဈေးကြီးတွင် ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ၊ သားငါးများရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ရန်ရောက်ရှိလာကြသော ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပန်းခင်းစီမံချက်အဆင့်(၃)အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့်မိသားစုများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရဲတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းများကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ကြရာ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ထိုင်းနိုင်ငံတွင်ကျင်းပသည့် အာရှကျောင်းများဖိတ်ခေါ်(တာတို) ရေကူးပြိုင်ပွဲတွင် မြန်မာရေကူးအားကစားသမားများက ရွှေလေးခု၊ ငွေနှစ်ခုနှင့် ကြေးရှစ်ခုဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၆ ရက်မှ ၇ ရက်ထိ ကျင်းပသည့် ၂၀၂၅ ခုနှစ် အာရှကျောင်းများဖိတ်ခေါ်(တာတို)ရေကူးပြိုင်ပွဲ Asian Open Schools Invitational(Short Course) Swimming Championships 2025 တွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် Sakura Swimming Club မှ ရေကူးကစားသမားများက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ရှစ်ခု စုစုပေါင်းဆုတံဆိပ် ၁၄ ခုရရှိခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကလည်း လူငယ်မျိုးဆက်သစ်တွေရွေးချယ်နေတဲ့အချိန်မှာ ကျွန်တော်တို့ဆာကူရာကလပ်အသင်းအနေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်အောင်လို့ဆောင်ရွက်ရင်းနဲ့ ရခဲ့တာပါ။ ကျွန်တော်တို့ပြိုင်တာ နှစ်ပွဲရှိသွားပါပြီ။ ပထမအကြိမ်ပြိုင်တုန်းကတော့ အကြီးတန်းမှာ ငွေတံဆိပ်တစ်ခုရတယ်၊ အငယ်တန်းမှာရွှေတံဆိပ်ရတယ်၊ အခုဒီနှစ်ကျတော့ ကျွန်တော်တို့အတန်းစုံပေါ့၊ ရွှေငွေကြေး ဆုတံဆိပ်သုံးမျိုးလုံးရခဲ့ပါတယ်။ ဒီထဲမှာမှ ပထမဦးဆုံးရတဲ့ရွှေတံဆိပ်က အခုအသစ်စသင်တဲ့ကလေးလေး ခြောက်နှစ်ကလေးလေးဖြစ်ပါတယ်"ဟု Sakura Swimming Club နည်းပြချုပ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်လွင်ကပြောသည်။

အဆိုပါပြိုင်ပွဲသို့ အာရှနိုင်ငံကျောင်းများမှ ရေကူးကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Sakura Swimming Club မှရေကူးကစားသမား ၁၉ ဦးနှင့် အုပ်ချုပ်သူနည်းပြများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"အောင်မြင်မှုကိုပြောရရင်တော့ ကျွန်တော်တို့အတိုင်းမသိပျော်ရွှင်ပါတယ်။ ဒီပွဲပြီးသွားတာနဲ့ နောက်ပွဲတွေဆက်ပြီးလေ့ကျင့်ဖို့က ပြင်ဆင်ထားပြီးသားပါ။ ကလေးတွေလည်း ခြောက်နှစ်ကနေ ၁၀ နှစ်ထိ ငယ်ရွယ်တဲ့အရွယ်တွေ တော်တော်လေးကောင်းတဲ့သူတွေ များလာတဲ့အတွက် နောင်သက်တမ်းလိုက်တွေကနေ မြန်မာပြည်လက်ရွေးစင်တွေဖြစ်အောင် အာရှပြိုင်ပွဲတို့ ကမ္ဘာ့ပြိုင်ပွဲတို့ရောက်အောင်သွားနိုင်တဲ့ကလေးတွေဖြစ်အောင်ကျွန်တော်တို့တတ်စွမ်းသရွေ့လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့လိုအပ်ချက်တွေရှိရင်လည်း အဖွဲ့ချုပ်ရဲ့ လမ်းညွှန်မှုကိုခံယူသွားမှာပါ"ဟု ဦးမြင့်လွင်က ဆက်လက်ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ Sakura Swimming Club မှရေကူးကစားသမား ဇော်မျိုးထက်က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ ဉာဏ်လင်းထူးက ကြေးတံဆိပ်တစ်ခု၊ ဖွဲ့ညီဟိန်းက ကြေးတံဆိပ်တစ်ခု၊ ဆုပြည့်မွန်ဦးက ရွှေတံဆိပ်တစ်ခု၊ နွေးဧကရီရှိန်းက ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ အံ့ဘုန်းသော်က ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုတို့ကို နိုင်ငံ့ဂုဏ်ဆောင် ဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံ

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်(သောကြာနေ့)ညတွင် ပညာရေးနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များစုပေါင်း၍ **"ဝ.ထ.က.လ.သ တေးဂီတဖျော်ဖြေပွဲ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၁၂–၉–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ဝ.ထ.က.လ.သ တေးဂီတဖျော်ဖြေပွဲ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဝ.ထ.က.လ.သ(ဝထကလသ) | ပြင်ပအဆိုရှင် + ဌာနအဆိုရှင် |
| ၂။ | ဆရာမ | ပြင်ပအဆိုရှင် |
| ၃။ | ရေဒီယိုကမာရွတ် | ဌာနအဆိုရှင် |
| ၄။ | မီးအိမ်ရှင်မလေး | ပြင်ပအဆိုရှင် |
| ၅။ | အသီးတစ်ရာအညှာတစ်ခု | ပြင်ပအဆိုရှင် |
| ၆။ | မီးမီးလေးရဲ့မေမေ့ကျောင်း | ဌာနအဆိုရှင် |
| ၇။ | ကျောင်းချစ်သူ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | သူငယ်တန်း | ပြင်ပအဆိုရှင် |
| ၉။ | ပညာပန်း | ပြင်ပအဆိုရှင် |
| ၁၀။ | နောင်နှစ်ခါလည်း လာလည်ဦးမယ်လေ | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၁။ | ဖေဖေချစ်တဲ့သမီးနဲ့သား | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၂။ | ကို B A | ပြင်ပအဆိုရှင် |
| ၁၃။ | ဘယ်သူပြိုင်လို့လုပ်ပါတော့နိုင် | ပြင်ပအဆိုရှင် + ဌာနအဆိုရှင် |

## စက်တင်ဘာလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ရွှေကျင် | ၁၀-၉-၂၀၂၅ | ၂၇၂ | ၁၀.၇၁ | ၁-၉-၁၉၇၂ | ၂၃၆ | ၉.၂၉ | ၆၁ |

(မိုး/ဇလ)

**၁၀-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းများနှင့် စက်တော်ရာဘိုးဘွားရိပ်သာများကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်စက်တင်ဘာလ ၉ ရက်မှ ၁၀ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပုသိမ်အကျဉ်းထောင်၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်အကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အကျဉ်းသား၊အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများနှင့်အကျဉ်းသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိတို့ကို မေးမြန်းကာ ထောင်ဝင်စာလာရောက်တွေ့ဆုံသည့်အကျဉ်းသားမိသားစုဝင် ၂၈ ဦးနှင့်တွေ့ဆုံ၍ အကျဉ်းသားနှင့်တွေ့ဆုံရာတွင်အခက်အခဲ ရှိ၊ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ၊ မရှိ စသည်တို့ကို တွေ့ဆုံမေးမြန်းပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ ၁၅ ဦးကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံဆောင်၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်းအပြင် မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများ လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်စက်တော်ရာဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ၊ မရှိနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံ၍ စောင့်ရှောက်ထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာ ထုတ်ယူရရှိရေးဆောင်ရွက်ပေးမှုအခြေအနေနှင့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ရိပ်သာ၌လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွားစုစုပေါင်း ၄၁ ဦးကို နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့မရဲစခန်းအချုပ်ခန်းနှင့် နယ်မြေရဲစခန်းအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှုရှိ၊ မရှိ အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့်တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

**မြဝတီ**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော လုံးဆန်ဆာ ကြာပန်းအမှတ်တံဆိပ် သွေးတိုးကျဆေးနှင့် ရာဇဗြိုဟ်အမှတ်တံဆိပ် သွေးတိုးကျဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိခဲ့သော်လည်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လွှမ်းမိုးအောင်အမှတ်တံဆိပ် သွေးချိုဆီးချိုကျဆေးကြီးနှင့် သကြားဓာတ်ထိန်း ရေနွေးကြမ်းတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါး (၄)မျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်မရှိသောတိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသောအမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | လုံးဆန်ဆာ ကြာပန်း | သွေးတိုးကျဆေး | ဆေးပြား | TMR–011205 (1114) | မိုင်းကိုင်မြို့။ |
| ၂။ | ရာဇဗြိုဟ် | သွေးတိုးကျဆေး | ဆေးပြား | TMR–013006 (0121) | ရန်ကုန်။ |
| ၃။ | လွှမ်းမိုးအောင် | သွေးချို–ဆီးချိုကျ ဆေးကြီး | ဆေးပြား | – | ၉၁ လမ်း၊ ၂၈–၂၉ လမ်းကြား၊ ပုလိုင်းဓမ္မာရုံတောင်ဘက်၊ ချမ်းသာရဘုရားမြောက်ဘက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | – | သကြားဓာတ်ထိန်း ရေနွေးကြမ်း | အပိုင်းအစ | – | ဖော်ပြထားခြင်းမရှိပါ။ |



တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသောတိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာစိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသောတိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့်တိုင်းရင်းဆေးဝါးများတင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ထူပါရုံ "ကြံ့နှစ်ကောင်ဖောင်ဒေးရှင်း" စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

မုံရွာ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) "ကြံ့နှစ်ကောင်ဖောင်ဒေးရှင်း" စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး၊ ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ RC တစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကမ္ပည်းမှတ်တမ်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အခမ်းအနားကိုကျင်းပရာ စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ထူပါရုံမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများထံ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ယူရီးယားဓာတ်မြေဩဇာ၊ ဆီထွက်သီးနှံ (နေကြာ၊ နှမ်း)မျိုးစေ့များနှင့် လယ်ယာသုံးစက်မောင်းဆီများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ ဒေသခံတောင်သူ ၇၀၀ အတွက် သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာများနှင့်လယ်ယာသုံးစက်မောင်းဆီ)များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ ဒေသခံတောင်သူ ၇၀၀ တို့က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အဆိုပါခန်းမအတွင်း စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ ဒေသခံတောင်သူ ၇၀၀ ကို စားသုံးဆီများနှင့် လယ်ယာသုံးစက်မောင်းဆီများ ဖြန့်ဖြူးပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

အေးသန္တာ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂ ဦးအား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မဲ့ထော်သလေး (KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ တရုတ်နိုင်ငံသားလေးဦးနှင့် ကင်ညာနိုင်ငံသားနှစ်ဦး၊ စုစုပေါင်း ၁၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆီဆိုင်မြို့၊ အောင်မြေသာစံမြို့နှင့်ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




တရားခံ ဖုန်းမြင့်နိုင်နှင့် သက်ဇော်ဦးတို့အား သိမ်းဆည်းရမိသည့်ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၀

ဆီဆိုင်မြို့၊ အောင်မြေသာစံမြို့နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအနီး ဆိုက်ခေါင်-မောက်မယ်သွားလမ်းတွင် မောက်မယ်ဘက်မှ ဆိုက်ခေါင်သို့ ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ထီလုံးဟီးကျေးရွာနေ ခွန်မောင်ကံ(ခ)သိန်းဇော်(၂၉)နှစ်မောင်းနှင်ပြီး ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ထီလုံးဟီးကျေးရွာနေ နန်းဗွာ(၄၄)နှစ်လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ်၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၈ ရက် ည ၆ နာရီတွင် သတင်းအရ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၈၉ လမ်း၊ ၁၈ လမ်း x ၁၉ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ ဖုန်းမြင့်နိုင် (၂၈) နှစ် မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နေ သက်ဇော်ဦး(၃၀)နှစ်လိုက်ပါလာသော MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖုန်းမြင့်နိုင်၄ားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်ရှိ နေအိမ်မှ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၈ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး/ အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၅˚c / ၃၄˚c |
| ရန်ကုန် | ၂၄˚c / ၃၀˚c |
| မန္တလေး | ၂၅˚c / ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော် စက်တင်ဘာ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အကြိုအသိပညာပေး လှုပ်ရှားမှုအဖြစ် သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတွင် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်းဆင်းပွဲကျင်းပ





ရန်ကုန် စက်တင်ဘာ ၁၀

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၇)၏ သင်တန်းဆင်းပွဲကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ ယနေ့ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသားများ အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာကြပြီး ခေါင်းဆောင်ကောင်းအင်္ဂါရပ်များနှင့်ပြည့်စုံအောင် ကျင့်ကြံနေထိုင်ကြ၍ ထမ်းဆောင်ရသောလုပ်ငန်းတာဝန်များကို ချမှတ်ထားသောဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးကြရန် မှာကြားလိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းရန်နှင့် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုအပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံ့ဝန်ထမ်းပီသစွာ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည်ယမန်နေ့က တက္ကသိုလ်မှတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ လေ့ကျင့်ရေးနှင့် လုံခြုံရေးဆိုင်ရာအခြေအနေအပေါ် လိုအပ်သည်များမှာကြားပြီး တက္ကသိုလ်ပြခန်း၊ သင်တန်းအလိုက် သင်ခန်းစာလေ့ကျင့်ပို့ချနေမှု၊ စစ်ရေးပြနှင့်လက်နက်ငယ် လက်တွေ့လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝန်ထမ်းအိမ်ရာများအသစ်ဆောက်လုပ်နေမှုနှင့် သစ်ပင်များစိုက်ပျိုးရန် လျာထားသတ်မှတ်ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသို့သွားရောက်ပြီး လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့်မြေကွက်လပ်၊ မြေလွတ်/မြေရိုင်းနေရာများတွင် ငါးဧက၊ ၁၀ ဧကခန့်ရှိသစ်တောငယ်များတည်ထောင်နိုင်ရေးအတွက် လျာထားသတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမင်္ဂလာခန်းမ၌ကျင်းပသည့် နေပြည်တော် အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေး၊ သာယာလှပပြီး အဆင့်မီသည့် Green City၊ Clean City၊ Smart City ဖြစ်စေရေးကိုရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအရွယ်အစားနှင့် မြေနေရာပေါ်မူတည်၍ ကျေးရွာတစ်ရွာလျှင် နေရာဒေသအလိုက် ထင်းစိုက်ခင်းအနည်းဆုံး နှစ်ဧကစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ အလားတူ နိုင်ငံတစ်ဝန်းမြို့ပြများနှင့် ရပ်ရွာဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် လမ်းဘေးဝဲ/ယာ သစ်ပင်သစ်တောများ၊ စိမ်းလန်းမြေများ (Green Spaces)၊ ဥယျာဉ်များ၊ ပန်းခြံများ၊ မြို့ပြသစ်တောများ၊ တစ်အုပ်တစ်မစိုက်ခင်းများနှင့် စိမ်းလန်းစိုပြည်သည့် Landscape များကိုပိုမိုတိုးမြှင့်တည်ထောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)






တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲပထမအဆင့်၊ အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

➤ ရှေ့ဖုံးမှအဆက်

အဆိုပါအားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြသည်။

ထို့နောက် တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်၊ အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန်ဖိအားပေးကစားခဲ့ကြရာ ပွဲချိန် ၄ မိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး ၁ ဂိုးသွင်းကာ ပွဲစဉ်ကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၈၀ မိနစ်ခန့်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းက ပြန်လည်ချေပဂိုး ၁ ဂိုးသွင်းနိုင်ခဲ့သဖြင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲများအား အောက်တိုဘာလ ၂၄ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပုဂ္ဂလိက EV အဖွဲ့အစည်းများမှ စက်ပြင်ဆရာများအတွက် ဖွင့်လှစ်ပေးသော EV Mechanics သင်တန်း (၂/၂၀၂၅) ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

ရန်ကုန်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ပုဂ္ဂလိက EV အဖွဲ့အစည်းများမှ စက်ပြင်ဆရာများအတွက် EV Mechanics သင်တန်း (၂/၂၀၂၅) ဖွင့်ပွဲကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် EV သုံးစွဲမှုမြင့်တက်လာရာ ပြည်သူများ သုံးစွဲရာတွင် နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် သင်တန်းသားများသည် ပြုပြင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားကြရန်၊ ပြည်သူများက အမှန်တကယ် အားထားရသည့် EV နည်းပညာရှင်များဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် သင်တန်းဆရာတစ်ဦးက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆိုပါသင်တန်းတွင် EV Mechanics တစ်ဦး၏ နည်းပညာလိုအပ်ချက်ကို လက်တွေ့ကျကျ ဖြည့်ဆည်းပေးနိုင်မည့် လက်တွေ့လုပ်ငန်းများကို အဆင့်မြင့် သင်ထောက်ကူမော်ကျူးများ အသုံးပြုကာ သင်တန်းကာလ ၅ ရက်၊ သင်တန်းချိန် နာရီ ၃၀ ဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကော့မှူးမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

◆ ကျောဖုံးမှအဆက်

အစည်းအဝေး (22nd ACDFM) ဥက္ကဋ္ဌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (22nd AMIM) ဥက္ကဋ္ဌ မလေးရှားတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Lieutenant General Dato’ Mohd Razali Bin Alias နှင့် (၁၅) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (15th AMOM) ဥက္ကဋ္ဌ မလေးရှား တပ်မတော်၊ စစ်ဆင်ရေးနှင့်လေ့ကျင့်ရေးဌာန၊ ဒုတိယစစ်ဦးစီးအရာရှိချုပ် Major General Dato’ Indera Zahari bin Mohd Ariffin တို့က အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

၎င်းနောက် တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ကိုယ်စားလှယ်များက **“ပြည့်စုံကြွယ်ဝမှုနှင့် လုံခြုံမှုတို့အတွက် အာဆီယံ၏ စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)”** ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီးပါဝင်ဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုမှာ အဓိကအရေးပါသည့်အခြေခံကဏ္ဍတစ်ရပ်ဖြစ်သည့် **“ပြည့်စုံကြွယ်ဝမှုနှင့်လုံခြုံမှုတို့အတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)”** ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံတပ်မတော်များ၏ ၂ နှစ်တာလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၇) {Two Years Work Plan (2025–2027)} အား အတည်ပြုခြင်း၊ (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) ၏ ပူးတွဲကြေညာချက် (Joint Statement) အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် (Joint Statement)ကို အတည်ပြုလက်မှတ်ရေးထိုးကာ တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (22nd ACDFM) ဥက္ကဋ္ဌ မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အပိတ်မိန့်ခွန်းပြောကြားပြီး (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) အား အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Romeo Saturnino Brawner Jr.ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏အလံ (ASEAN Flag)တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကာ အစည်းအဝေးကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Saichai Kommasith နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များတွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သော (၁၅) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (15th ASEAN Military Operations Meeting –15th AMOM)အား မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Intercontinental Hotel ၌လည်းကောင်း၊ (၂၂) ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (22nd ASEAN Military Intelligence Meeting – 22nd AMIM) အား Shangri–La Hotel ၌လည်းကောင်း စက်တင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့များ အသီးသီးပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံ တပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# China-ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) - 2025 အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်






နေပြည်တော် စက်တင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ယမန်နေ့က ကျင်းပသည့် China–ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) – 2025 အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ကွမ်ရှီးကျွမ်း ပင်လယ်သမုဒ္ဒရာစီမံခန့်ခွဲရေးဌာန အကြီးအကဲနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများကို အိန္ဒိယသမုဒ္ဒရာသို့ ဆက်သွယ်ပေးနိုင်သော အချက်အချာကျသည့်နေရာ၌ တည်ရှိနေပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းသို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်သည့် Gateway တစ်ခုအဖြစ် တည်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သာတူညီမျှ သာယာဝပြောမှုကို အလေးထားလျက် ဒေသတွင်းခိုင်မာ၍ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ပင်လယ်ပြာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံပင်လယ်ပြာစီးပွားရေးမူဘောင် (၂၀၂၃)နှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်ကိုချမှတ်၍ ဒေသတွင်းနှင့်နိုင်ငံတကာကုန်သွယ်မှုကို အလေးထားပံ့ပိုးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ပြာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မဖြစ်နိုင်သည့်ရည်မှန်းချက်တစ်ခုမဟုတ်ဘဲ မိမိတို့နိုင်ငံအသီးသီးက အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် ချမှတ်၍ ဦးစားပေးဆောင်ရွက်ရမည့်၊ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်ကို နှစ်စဉ် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ဖိုရမ်၏ဆောင်ပုဒ်သည် “ဆန်းသစ်တီထွင်ခြင်း၊ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ထိရောက်သောဖြေရှင်းခြင်းနည်းလမ်းများဖြင့် တရုတ်-အာဆီယံ ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အနာဂတ်သစ်ကိုဖန်တီးစို့”(Innovation, Green Development and Smart Solutions: Shaping A New Blue Future for China and ASEAN) ဖြစ်ကာ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် သမ္မတရှီကျင့်ဖျင်အဆိုပြုခဲ့သော ရပ်ဝန်းနှင့်ပိုးလမ်းမ အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်-အာဆီယံ ပင်လယ်ပြာစီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Beibu Gulf Port Group ကုမ္ပဏီ၊ China–ASEAN Artificial Intelligence Computing Centre၊ Qinzhou Port Automated Container Terminal နှင့် China–Malaysia Qinzhou Industrial Park တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 5,000 acres of rainfed paddy planted in Budalin Township

BUDALIN September 10

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 5,000 acres of paddy as monsoon crops in Budalin Township of Sagaing Region this year.

For the 2025–2026 monsoon crop season, Budalin Township has planned to cultivate 34,566 acres of rainfed paddy. Cultivation began in June this year, and as of today, 5,968 acres have already been planted.

"This year, Budalin Township authorities earmarked to cultivate over 34,000 acres of rainfed paddy during the monsoon season. So far, more than 5,000 acres have been planted against the target cultivation. Efforts are being made to meet the targeted acreage. We're providing the necessary technology and seed varieties for rainfed paddy cultivation. Field visits are also being carried out to support farmers in planting on time," said U Phyo Wai, Head of the Township Department of Agriculture.

It is reported that to ensure smooth and systematic cultivation without difficulties, the Township Department of Agriculture is working in collaboration with local farmers throughout the monsoon crop season.




Farmers growing rainfed paddy in Budalin Township are being supported with agricultural techniques, pest and disease prevention education, guidance to minimize crop losses, and advice on proper post-harvest storage to ensure that harvested paddy is protected under shelter in a timely manner.

This year, the Department of Agriculture and its staff in Budalin Township are actively engaged in fieldwork to ensure the success and high yield of rainfed paddy fields. Their efforts include encouraging the use of high-quality and pure seeds, preventing pest infestations, timely weeding and thinning, removal of off-type plants, and the proper application of fertilizers.

SMK

# Maubin Township supplies black gram to Yangon market



MAUBIN September 10

Businesspersons from Maubin Township of Ayeyawady Region sent 55,000 bags of black gram containing 16 Pyi each to Yangon market said U Htet Swan, the owner of pulses and beans trader in Maubin Township.

From Maubin Township, only up to 55,000 bags of black gram of the 16-pyi type were able to be shipped and sold to the Yangon market.

"A total of 55,000 bags of 16-pyi black gram were shipped and sold to the Yangon market from Maubin Township during the past month. Currently, buyers from Yangon are still purchasing pulses produced in the region. Due to stronger demand from international markets for black gram, demand from the Yangon side has also increased. The pulses currently being sold are leftover summer stock," said U Htet Swan.

It is also reported that the price of 16-pyi black gram exported from Maubin Township to the Yangon market has reached up to Ks-117,000 per bag. The rise in black gram sales has benefited farmers, traders, loading and unloading laborers, and truck drivers renting out vehicles for transport.

SK

# Myaung Township completes cultivation of vegetables on more than 1,000 acres of land

MYAUNG September 10

More than 1,000 acres of vegetables have been planted as monsoon crops in Myaung Township of Sagaing Region, according to the Township Agriculture Department.

For the 2025-2026 monsoon crop cultivation season, Myaung Township has targeted 4,300 acres for vegetable cultivation. Planting began in May this year, and as of today, 1,197 acres have already been cultivated.

"This year, Myaung Township authorities are planning to grow over 4,000 acres of vegetables during the monsoon season. So far, over 1,000 acres have been planted against the target cultivation. Efforts are underway to achieve the targeted acreage. The crops being grown include mustard, cauliflower, roselle, chili, aromatic herbs, potato, cabbage, eggplant, and ridge gourd. Farmers are being trained to cultivate all vegetables under the GAP (Good Agricultural Practices) system. They are also being guided to use minimal chemical residues in order to grow crops that are safe for consumption," said Daw Thida Lwin, Head of the Department of Agriculture for Sagaing District.

This year, the Township's Department of Agriculture is conducting technical training to help vegetable farmers adopt GAP-based cultivation methods. They are also providing guidance to ensure that the vegetables produced meet health and safety standards, and supporting farmers to expand their cultivation.

In Myaung Township, a variety of vegetables are grown annually according to seasonal conditions, and the cultivation of these crops has been successful in generating family income. For farmers engaged in vegetable farming, the township agriculture department is providing technical support on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

SMK

# Sown acreage of groundnut expanded in Mingin Township

MINGIN September 10

Local farmers expanded cultivation of groundnut in Mingin Township of Sagaing Region, according to the data of Mingin Township Agriculture Department.

For the 2025-2026 monsoon crop cultivation season, Mingin Township had planned to cultivate 5,905 acres of groundnut. Planting began in May this year, and as of today, a total of 8,150 acres have already been cultivated.

"This year, Mingin Township authorities planned to grow over 5,000 acres of groundnut during the monsoon season. So far, more than 8,000 acres have been planted. This means the cultivated acreage has already exceeded the initial target. As an oil crop, groundnut is in a strong position this year, and its cultivation continues to grow year by year," said Daw Hayman Kyaw Win, Head of the Township Department of Agriculture in Mingin.

In Mingin Township, about 1.5 baskets of seeds are used per acre for groundnut cultivation. The total cost per acre — including seed expenses, labour, fertilizers, and pesticides — is reported to exceed Ks-200,000. Yields average over 50 baskets per acre.

To ensure successful groundnut cultivation this year, prevent pest and disease outbreaks, and keep fields weed-free, staff from the Township's Department of Agriculture have been conducting field inspections and recording monitoring data across cultivation areas.

SK

# Pwintbyu Township strives to meet target cultivation of paddy

PWINTBYU September 10

According to Pwintbyu Township Agriculture Department, local authorities and farmers are joining hands in striving to meet the target cultivation of rainfed paddy which has been planted on 27,409 acres of farmlands in Pwintbyu Township of Magway Region this year.

In Pwintbyu Township, it is planned to cultivate 69,999 acres of paddy during this year's monsoon crop season. Planting began in July, and as of today, a total of 27,409 acres have been completed against the target cultivation. It is reported that efforts are being made in cooperation with local farmers to meet the targeted acreage.

"This year, the target for Pwintbyu Township's monsoon crop season is 69,999 acres of paddy. So far, a total of 27,409 acres have been planted. We are working to meet the target and are also providing farmers with guidance to improve yields. This includes encouraging the use of quality and pure paddy varieties, applying proper cultivation methods, using irrigation systematically, and taking measures to prevent the spread of rice blast disease," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure sufficient rice for consumption and surplus production in Pwintbyu Township this year, the Township Agricultural Productivity Enhancement Supervisory Committee is leading collaborative efforts between the Department of Agriculture, the Department of Agricultural Mechanization, and the Department of Irrigation and Water Utilization Management. These efforts aim to help paddy farmers grow high-yield varieties, follow correct cultivation techniques, and keep crops free from pests and diseases, so that the planned acreage for monsoon paddy can be fully achieved.

Daw Moe Moe Wai added that if paddy can be cultivated to produce higher yields, it will not only meet local consumption needs but also allow the surplus to be sold for income, thereby improving the socio-economic life of the people. Therefore, efforts should be made in every region to expand paddy cultivation.

**SK**

# More than 4,000 acres of sugarcane planted in Shwebo District



SHWEBO September 10

This year's statistics of Shwebo District Agriculture Department stated that local farmers have planted more than 4,000 acres of sugarcane as monsoon crops in Shwebo District of Sagaing Region.

For the 2025-2026 monsoon crop season, Shwebo District has planned to cultivate 6,509 acres of sugarcane. Planting began in May this year, and as of today, 4,472 acres have already been planted—4,111 acres in KhinU Township and 361 acres in Wetlet Township.

"This monsoon season, we have planned to grow over 6,000 acres of sugarcane in Shwebo District. So far, more than 4,000 acres have been planted. We are working to meet the full target acreage. Local farmers are cultivating sugarcane as usual," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

The planned sugarcane acreage for the 2025–2026 monsoon season in Shwebo District is allocated as follows: 75 acres in Shwebo Township, 4,551 acres in KhinU Township, 361 acres in Wetlet Township, and 1,522 acres in Kyaukmyaung Sub-Township—making a total of 6,509 acres.

Sugarcane cultivation in Sagaing Region takes place in Shwebo, Kanbalu, and Katha districts, with Kanbalu and Katha districts having the largest cultivation areas.

Farmers need to cost Ks-600,000 or Ks-700,000 per acre of growing sugarcane in Shwebo District, yielding 30 tons of sugarcane. Local farmers prefer to grow K-95/84, Nawade-4, Phawmoza and Shinshweli strains of sugarcane. They grow the crops in irrigated areas as well as rainfed areas.

**SK**

# Naga Self-Administered Zone cultivates over 26,000 acres of rainfed paddy

NAGA September 10

A total of 26,529 acres of paddy have been planted in the Naga Self-Administered Zone during this year rain crops planting season, according to the statistics of the Department of Agriculture for Sagaing Region.

During the 2025-2026 rain crops planting season, 25,400 acres of paddy have been planned for the Naga Self-Administered Zone, and planting has begun since May this year, and 26,529 acres have been planted to date.

"We are providing the necessary technology and varieties for rainy season cultivation. We are conducting field visits to help farmers plant paddy on time," said Dr. Tin Mar Oo, Assistant Director of the Department of Agriculture for Sagaing Region.

This year, the total area of rainfed paddy cultivation in the Naga Self-Administered Zone by township is as per following: 3,217 acres in Leshi Township, 2,028 acres in Sum Ma Rar Sub-Township, 5,884 acres in Lahe Township, 1,511 acres in Htanparkway Sub-Township, 3,201 acres in Nanyun Township, 4,909 acres in Donhee Sub-Township and 5,779 acres in Pansawng Sub-Township, totaling 26529 acres.

**SMK**

# Bamauk Township completes cultivation of vegetables on more than 2,300 acres of croplands

BAMAUK September 10

Local farmers have planted more than 2,300 acres of vegetables as monsoon crops in Bamauk Township of Sagaing Region this year, according to the statistics of Katha District Agriculture Department.

In the 2025-2026 monsoon crop season, Bamauk Township planned to cultivate 2,786 acres of vegetables. Planting began in May this year, and as of today, a total of 2,317 acres of crops have been completed against the target cultivation.

"This year, the target for Bamauk Township's monsoon crop season is over 2,700 acres of vegetables. So far, more than 2,300 acres have been planted. We are working to meet the planned acreage. The crops include mustard, chili, coriander, potato, cabbage, egg-plant, and cauliflower. Farmers are being provided with technical guidance to grow all these vegetables using the GAP (Good Agricultural Practices) system. We are also advising them to cultivate with minimal chemical residues to ensure the crops are healthy and safe for consumption," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

It is reported that this year, the Bamauk Township Department of Agriculture has been conducting training sessions on GAP methods for vegetable farmers, providing techniques to ensure harvested produce meets health standards, and encouraging farmers to expand vegetable cultivation.

Bamauk Township grows various vegetables seasonally every year. The vegetable crops have been thriving successfully, providing household income. The Township Department of Agriculture continues to give farmers guidance on proper cultivation methods, pest prevention, use of natural fertilizers, and preparation and use of natural pesticides and repellents.

**SMK**

# Nepal's main government building set ablaze

KATHMANDU September 10

A massive blaze has engulfed Nepal's Singha Durbar Palace in central Kathmandu, the country's main administrative complex, after violent protests swept the Himalayan nation's capital.

Footage circulating online shows the building being consumed by flames. The palace, built in 1908, serves as the seat of Nepal's government, hosting several ministries, and other key institutions.

The demonstrations, led mainly by people in their late teens and early 20s, erupted on Monday after authorities banned major social media platforms, including Facebook, YouTube, and X.

The protests turned violent, with dozens confirmed dead in Kathmandu and about 500 injured, including more than 100 police officers.

On Tuesday, demonstrators reportedly broke through the western gates of the Singha Durbar, forcing their way into the restricted area and setting parts of the entrance on fire. Witnesses reported heavy clashes with security forces as the crowd advanced inside, according to several media outlets.

Other footage shared online showed Nepal's parliament building also ablaze, with charred walls, smoke billowing into the sky, and fires still burning as large crowds gathered outside. **RT**



# Kremlin responds to Polish 'drone attack' claims

MOSCOW September 10

Moscow has dismissed Poland's latest claim that Russian drones breached the country's air space. Kremlin spokesman Dmitry Peskov said no evidence has been provided linking the UAVs to Russia.

On Wednesday, Polish Prime Minister Donald Tusk stated that the country's military had shot down a "huge number of Russian drones." Warsaw has described the incident as an "unprecedented violation of Polish airspace" and an "act of aggression."

Peskov dismissed the accusations on Wednesday."The EU and NATO leadership accuse Russia of provocation on a daily basis. Most often, without even trying to provide any arguments," he said. To his knowledge, the Kremlin had not yet received any request for contact from the Polish leadership over the incident.

Meanwhile, Russia's charge d'affaires in Warsaw, Andrey Ordash, told RIA Novosti that when he was summoned to the Polish Foreign Ministry on Wednesday, the Polish authorities did not provide any evidence that the downed UAVs belonged to Russia. He noted that the drones had flown into Poland from Ukraine.

Tusk has claimed, however, that the aircraft came from Belarus rather than Ukraine, and characterized the incident as a Russian "provocation."

The Belarusian military had previously reported giving Poland early warning that some drones used by Ukrainian and Russian forces for mutual attacks "lost their track as a result of the impact of the parties' electronic warfare assets."

**RT**

# Death toll from Israeli strike on Houthi Defence Ministry building in Sanaa rising - Source



CAIRO September 10

The death toll from Israeli airstrikes on a Houthi defence ministry office has risen to eight, with at least 12 injured, a local government source told Sputnik Wednesday.

"The death toll from the Israeli airstrike on the Moral Guidance Department in Sanaa has risen to eight, with 12 injured, including journalists, both men and women," the source said.

The Moral Guidance Department serves as the press office of the Houthi-aligned Yemeni Armed Forces.

The Houthi Health Ministry's spokesman said nine people had been killed and 118 injured as a result of Israel's attacks in Sanaa and Jawf province.

Israel and the US have been conducting bombing operations against Yemen since early 2024, citing the Houthis' missile and drone attacks on Israel and a partial blockade of the Red and Arabian seas to Israeli-linked maritime traffic. The militia has vowed to continue its operations until Israel ends its "genocidal war" in Gaza.

**Sputnik**

# Iran, IAEA sign deal to resume cooperation: Iranian FM

CAIRO September 10

Iran and the International Atomic Energy Agency (IAEA) signed an agreement on Tuesday to resume cooperation, Iranian Foreign Minister Seyed Abbas Araghchi said.

He made the announcement during a joint press conference here with Egyptian Foreign Minister Badr Abdelatty and IAEA Director General Rafael Grossi.

Iran and the IAEA have agreed to enhance their cooperation in a way that respects Iranian sovereignty and protects the security of the Iranian people, Araghchi said, affirming that Iran will not compromise its nuclear policy or rights again.

Abdelatty said that Iran has a desire to return to negotiations on its nuclear program, and that Egypt is working to bring the views of European countries and Iran closer, and to de-escalate the situation in the region.

Egypt remains committed to its role in supporting regional and international stability, Abdelatty said.

Meanwhile, Grossi posted on social media platform X that Iran and the IAEA agreed on practical modalities to resume nuclear inspection activities in Iran.

This is a "step in the right direction that opens the door for diplomacy and stability," he wrote. His posts also included photos of him signing documents with Araghchi.

Iran suspended its cooperation with the IAEA after the Israeli-U.S. strikes on its nuclear facilities and the assassination of Iranian nuclear scientists in June.

After the suspension, Iran said any inspections by the IAEA must be approved by Iran's Supreme National Security Council, and that the suspension will persist until guarantees are provided for the safety of its nuclear sites and scientists.

Before the latest round of talks in Cairo, Iran and the IAEA held talks in Vienna on Friday and Saturday. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The new treatment that could reverse type 2 diabetes and banish insulin jabs - as researchers hail 'exciting' find

A blast of steam is being tested as a treatment for type 2 diabetes that could potentially banish the need for insulin jabs.

The therapy involves hot vapour being fired at the lining of the duodenum – the first part of the small intestine – to deliberately damage it.

Research shows that people with type 2 diabetes whose diet is high in carbohydrates, fats and sugar often have a much thicker duodenum lining (or mucosa).

Scientists believe that high levels of blood sugar and the subsequent release of the hormone insulin causes signals in the body to promote cell and tissue growth. This causes the lining to become engorged and less sensitive to insulin – leading to type 2 diabetes.

But following the new treatment, once the top surface of the duodenum has 'regenerated', it can become more sensitive once again to insulin, with patients' blood sugar levels returning to normal.

The results of a clinical trial in centres across Europe and Brazil, published in the journal Diabetes Research and Clinical Practice in 2022, found that after two years, patients' blood sugar levels were 'significantly reduced' and more than 50 percent of them reduced their diabetes medications, or kept them constant (rather than having to increase the dose).

In a small trial involving a newer form of the treatment, given to 20 patients in Chile, it was found that, nine months after treatment, all of them have been able to stop their insulin jabs (although some are still on their oral medication), as recently reported in GIE, the journal of the American Society for Gastrointestinal Endoscopy.



About one in four of the estimated 5.8 million people in the UK diagnosed with type 2 diabetes relies on insulin injections to manage their condition, according to the charity Diabetes UK.

This new approach – destroying the duodenum lining – follows on from the discovery that weight-loss surgery (where the stomach is made smaller) can also dramatically improve blood-sugar control.

'What we've noticed over the past few decades is that when people underwent gastric bypass surgery to help them lose weight, it can also hugely improve their type 2 diabetes,' explains Arin Saha, a consultant in general, upper gastrointestinal and bariatric surgery at Calderdale and Huddersfield NHS Trust.

'A diabetic patient would come in for their surgery on Monday, say, and after having the gastric bypass surgery, by Tuesday their need for diabetic medication would be virtually gone.

Because the effect of this surgery was so rapid, it could not be attributed to weight loss.

'So researchers began looking at another explanation. We found that nutrients were only now being absorbed in the small bowel, which meant glucose levels were more normal afterwards.'

It's thought the duodenum plays an important role in 'signalling' to the body that nutrients coming from the stomach need absorbing.

But, as Mr Saha explains, the impaired surface of the duodenum may mean this process can no longer happen as efficiently.

'For whatever reason there's a dysfunction of the duodenum which occurs in people with type 2 diabetes.'

'When you think about diabetes you normally think of the liver producing glucose and pancreas producing insulin. But now there's another organ, the duodenum, which we think plays an important part in causing someone with diabetes to produce more glucose and not enough insulin to deal with it.'

Based on their understanding of the role of the duodenum, researchers began looking for a less extreme way than gastric bypass surgery to gain the same benefits. At first they focused on 'resurfacing' the duodenum using a procedure called duodenal mucosal ablation.

Here a 15cm long section of the duodenum lining is deliberately destroyed using a balloon-like device containing hot liquid that's moved along the passageway.

This led to a simpler approach using technology called radiofrequency vapour ablation, where a catheter device is passed along an endoscope (a flexible tube with a tiny camera at its tip and through which surgical tools can also be inserted), releasing blasts of steam each lasting about three seconds.

In the latest trial, which started in 2023, involving patients in Chile but overseen by researchers at the private Cleveland Clinic in London, a 60cm section of the duodenum was treated – this length mimics how much of the duodenum is bypassed during a gastric bypass operation, says Dr Rehan Haidry, a gastroenterologist and interventional endoscopist at the Cleveland Clinic, who is leading the trial.

The procedure takes about half an hour and uses liquid heated to 90C, explains Dr Haidry.

'The patient goes home around two hours later and the lining is healed around four weeks later – so far, patients on the trial have not reported any complications, discomfort or pain.'

While the full results of the study should be published next year, 'patients have gone from an average HbA1c [a way of measuring average blood sugar levels over two to three months] of around 9.3 percent to 7.6 percent [an ideal reading is under 6.5 percent].'

Currently the treatment is not available in the UK.

A review published last year by the National Institute for Health and Care Excellence looking at existing studies into duodenal mucosa resurfacing, recommended that for now it should only be done as part of a formal research study.


Dr Haidry is now seeking approval for a UK trial, which he hopes will happen next year.

Commenting on the approach, Mr Saha told Good Health: 'There's excitement about this new way of possibly tackling diabetes and so the results of more studies will be very interesting.

'This could be another tool to tackle the growing number of people with type 2 diabetes, which would definitely be welcome.'

**Mail Online**

# ပြိုင်ဘက်များထက် အဆ ၁၀၀ ပိုမြန်ပြီး ဦးနှောက်ကဲ့သို့စွမ်းဆောင်နိုင်တဲ့ ဉာဏ်ရည်တု




တရုတ်နိုင်ငံ ပေကျင်းမြို့ရှိသိပ္ပံအကယ်ဒမီကျောင်းမှ သုတေသနပညာရှင်များက SpikingBrain 1.0 အမည်ရှိ ဉာဏ်ရည်တု (AI)နည်းပညာအသစ်တစ်ခုကို မကြာသေးခင်က ထုတ်ဖော်ပြသလိုက်ပါတယ်။

အဲဒီဉာဏ်ရည်တုနည်းပညာက လူသားများရဲ့ဦးနှောက်ကဲ့သို့ တွေးခေါ်သင်ယူနိုင်စွမ်းမြင့်မားတဲ့အပြင် စွမ်းအင်အသုံးပြုမှုလည်းနည်းပါးပြီး တရုတ်နိုင်ငံထုတ် စက်ပစ္စည်းတွေနဲ့ တွဲဖက်အသုံးပြုနိုင်တယ်လို့ သုတေသီအဖွဲ့က ပြောထားပါတယ်။

သုတေသနပညာရှင်များရဲ့ပြောဆိုချက်အရဆိုရင် SpikingBrain 1.0 က လုပ်ငန်းများကိုဆောင်ရွက်ရာမှာ ပြိုင်ဘက် သမားရိုးကျဉာဏ်ရည်တုနည်းပညာများထက် အဆ ၁၀၀ ပိုမိုမြန်ဆန်မှုရှိတယ်လို့သိရပါတယ်။


SpikingBrain 1.0 နောက်ကွယ်မှာရှိနေတဲ့ ပင်မနည်းပညာက spiking computation လို့ခေါ်တဲ့ တွက်ချက်မှုနည်းပညာဖြစ်ပြီး သူ့ရဲ့လုပ်ဆောင်ချက်က လူသားများရဲ့ဦးနှောက်အတွင်းရှိ နျူရွန်များ လုပ်ဆောင်ပုံကို နမူနာယူထားတာဖြစ်ပါတယ်။

အထူးသဖြင့် လိုအပ်ချက်ရှိလာတဲ့ အချိန်မှသာ နျူရွန်များကို အချက်ပြမှုများ ထုတ်လွှင့်စေတဲ့ပုံစံနဲ့ အလုပ်လုပ်တာဖြစ်တဲ့အတွက် စွမ်းအင်သုံးစွဲမှုနည်းပါးပြီး တွက်ချက်မှုလုပ်နိုင်စွမ်းမြင့်မားတာဖြစ်တယ်လို့သိရပါတယ်။

Ref: IE

ကိုထက်

# ကမ္ဘာ့ပထမဆုံးအဖြစ် တိုက်ပွဲဝင်အသုံးပြုနိုင်တဲ့ ၁၀၀ ကီလိုဝပ်ထွက် လေဆာလက်နက်



Rafael Advanced Defense Systems ကုမ္ပဏီက လေဆာလက်နက်အသုံးပြုတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အစ္စရေးနိုင်ငံအခြေစိုက် Rafael ကုမ္ပဏီကပြသလိုက်တဲ့ လေဆာလက်နက်ရဲ့နာမည်ကို Iron Beam 450 လို့အမည်ပေးထားပါတယ်။

ဒီစနစ်က စွမ်းအားမြင့်လေဆာလက်နက်စနစ်ဖြစ်ပြီး ကမ္ဘာ့ပထမဆုံးအဖြစ် တိုက်ပွဲဝင်အသုံးပြုနိုင်တဲ့ ၁၀၀ ကီလိုဝပ်ထွက် လေဆာလက်နက်လည်း ဖြစ်ပါတယ်။ သူ့ကို ခေတ်သစ်ဝေဟင်အန္တရာယ်များကို လျင်မြန်မှုနဲ့တိကျမှုရှိစွာ တန်ပြန်ချေမှုန်းနိုင်စေဖို့အတွက် ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။

ဒီစနစ်က ဖုံးသီးတွေ၊ ဒုံးကျည်တွေ၊ အနိမ့်ပျံဒုံးကျည်တွေ၊ ဒရုန်းအုပ်တွေကို တိကျမှုရှိစွာ ကြားဖြတ်တိုက်ခိုက်နိုင်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် တစ်ကြိမ်ပစ်ခတ်မှုလုပ်ဖို့အတွက် ကုန်ကျစရိတ်ကလည်းမရှိသလောက်နီးပါးနည်းပါးတဲ့အပြင် ဘေးထွက်ထိခိုက်မှုဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ပါတယ်။

Iron Beam 450 စနစ်ကို မြေပြင်နဲ့ရေပြင်စစ်ဆင်ရေးလုပ်ငန်းများမှာ အသုံးပြုနိုင်စေဖို့ ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်တဲ့အတွက် အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေး၊ ဒုံးကျည်ကာကွယ်ရေးစနစ်တွေထဲမှာ တစ်ပါတည်းပေါင်းစည်းထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Ref: IE

ကိုထက်

# သစ်တော ၉၉ ရာခိုင်နှုန်းကို ထိန်းသိမ်းပေးနိုင်စေမယ့် ဆိုလာသစ်ပင်များ



မကြာသေးမီကလုပ်ဆောင်တဲ့ သုတေသနတစ်ခုမှာ နေရောင်ခြည်စွမ်းအင်ရယူပြီး လျှပ်စစ်ဓာတ်အားကိုပြန်ထုတ်ပေးနေတဲ့ ဆိုလာပြားများကို သမားရိုးကျနည်းအတိုင်းထားခြင်းထက် ဒေါင်လိုက်ထားတဲ့နည်းလမ်းက ပိုမိုအကျိုးရှိစေမယ်လို့ဆိုပါတယ်။ ဒီနည်းလမ်းအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုက ယခင်သမားရိုးကျနည်းလမ်းနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနဲ့ညီမျှတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ ထူးခြားချက်တစ်ခုက သစ်တောဆုံးရှုံးမှုကို ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်စွမ်းရှိတာဖြစ်ပါတယ်။

ဥပမာအားဖြင့် ဆိုလာသစ်ပင် ၆၃ ခုက လျှပ်စစ်ဓာတ်အားပမာဏ ၁ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးနိုင်ချိန်မှာ မြေပြင်ပေါ်မှာ သမားရိုးကျနည်းလမ်းအတိုင်း ထားမယ်ဆိုရင် သစ်တောနယ်မြေပမာဏ ၉၈ ရာခိုင်နှုန်းအထိကို ရှင်းလင်းပစ်လိုက်ရမှာပါ။ ဒါကြောင့် အခုတွေ့ရှိတဲ့နည်းလမ်းအသစ်က သစ်တောထူထပ်တဲ့နေရာမျိုးတွေမှာပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရယူသုံးစွဲနိုင်စေမှာဖြစ်ပါတယ်။ Ref: IE

ကိုထက်

# အပါးဆုံးသော iPhone ဖြစ်လာတဲ့ Apple ရဲ့ iPhone Air



Apple ကုမ္ပဏီက iPhone အသစ်များကို စက်တင်ဘာလ ၉ ရက်မှာ ထုတ်ဖော်မိတ်ဆက်သွားပါတယ်။ အဲဒီလိုထုတ်ဖော်မိတ်ဆက်သွားတဲ့ထဲမှာ သူတို့ထုတ်လုပ်ခဲ့ဖူးသမျှသော iPhone တွေထဲ အပါးလွှာဆုံးဖြစ်တဲ့ iPhone Air လည်း အပါအဝင်ဖြစ်လာပါတယ်။

Apple က ထု ၅ ဒသမ ၄ မီလီမီတာသာရှိပြီး အလွန်ပါးလွှာလွန်းတဲ့ iPhone ကိုမိတ်ဆက်ခဲ့သလို သူ့ရဲ့စွမ်းဆောင်ရည်က အခြားသောသမားရိုးကျ iPhone များနဲ့ အကြမ်းခံနိုင်မှုအပိုင်းမှာသာမက လုပ်ငန်းဆောင်ရွက်နိုင်မှုအပိုင်းနဲ့ ဘက်ထရီအားခံမှုအပိုင်းတို့မှာလည်း တန်းတူယှဉ်ပြိုင်နိုင်တယ်လို့ဆိုပါတယ်။

အခုလိုမျိုး ပါးလွှာပြီးခိုင်ခံ့တဲ့ဒီဇိုင်းကို ရရှိစေနိုင်ဖို့ တိုက်တေနီယံကိုယ်ထည်နဲ့ ကြေလွယ်ဖန်သားပြင်ကိုအသုံးပြုပေးထားပါတယ်။ အခုအသုံးပြုပေးထားတဲ့ ကြေလွယ်ဖန်သားပြင်က အခြားဖန်သားပြင်တွေထက် အကြမ်းခံနိုင်မှုမှာ သုံးဆပိုမိုအားကောင်းတယ်လို့ဆိုပါတယ်။

iPhone Air မှာအသုံးပြုပေးထားတဲ့ Display က 6.5-inch ProMotion display ဖြစ်တဲ့အတွက် အလင်းအားက 3000 nits အထိရှိမယ်လို့ဆိုပါတယ်။ ဒါဟာ နေရောင်အောက်မှာတောင်မှ ဖုန်းကိုကောင်းစွာသုံးနိုင်တဲ့အနေအထားဖြစ်ပြီး ဗီဒီယိုများကို အချိန်အားဖြင့် နာရီ ၄၀ ကြာတဲ့အထိကြည့်နိုင်စေရမယ်လို့ Apple က ကတိပေးထားပါတယ်။

Ref: IE

ကိုထက်

# လေယာဉ်နဲ့ဂြိုဟ်တုကြား တစ်စက္ကန့်ကို ၁ ဂစ်ဂါဘစ်နှုန်းနဲ့ ဆက်သွယ်ပေးမယ့် စွမ်းအားမြင့်လေဆာဆက်သွယ်ရေးစနစ်




အမေရိကန်မှ General Atomics နဲ့ ကနေဒါနိုင်ငံမှ Kepler Communications တို့ပူးပေါင်းပြီး ဆက်သွယ်ရေးနည်းလမ်းတစ်မျိုးကို ဆန်းသစ်တီထွင်လိုက်ပါတယ်။ အထူးသဖြင့် လေယာဉ်နဲ့ဂြိုဟ်တုကြားရှိ ဆက်သွယ်မှုအတွက် လေဆာရောင်ခြည်တန်းအသုံးပြုထားတဲ့ အလွန်မြန်နှုန်းမြင့်ဆက်သွယ်ရေးစနစ်ဖြစ်ပါတယ်။

အခုလုပ်ဆောင်တဲ့လက်တွေ့စမ်းသပ်မှုအရ မိုင်ပေါင်း ၃၄၀၀ အကွာရှိဂြိုဟ်တုနဲ့လေယာဉ်တို့ကြား ဆက်သွယ်မှုလုပ်ရာမှာ တစ်စက္ကန့်ကို ၁ ဂစ်ဂါဘစ်ပမာဏရှိတဲ့ အချက်အလက်များကို ပေးပို့နိုင်တယ်လို့သိရပါတယ်။

ဒီလိုမျိုး ဝေဟင်ပေါ်ကနေ အာကာသထဲအထိ ဆက်သွယ်မှုရယူနိုင်တဲ့ လေဆာရောင်ခြည်တန်းသုံး ဆက်သွယ်မှုနည်းပညာက ကမ္ဘာပေါ်မှာ ပထမဦးဆုံးဖြစ်ပါတယ်။ ကမ္ဘာ့လေထုလွှာအတွင်းရှိ ရွေ့လျားနေတဲ့ ပလက်ဖောင်းတစ်ခုပေါ်ကနေ အာကာသတွင်း တည်ရှိနေတဲ့လက်ခံစက်ထဲကို အချက်ပြမှုထုတ်လွှင့်ခြင်းဟာ အင်မတန်ခက်ခဲတဲ့အရာတစ်ခုဖြစ်ပါတယ်။

အခုဖန်တီးထားတဲ့ လေဆာရောင်ခြည်တန်းအသုံးပြု အလွန်မြန်နှုန်းမြင့်ဆက်သွယ်ရေးစနစ်ရဲ့ ဒီဇိုင်းအရ အကွာအဝေးကီလိုမီတာ ၅၅၀၀ အထိ ဆက်သွယ်မှုလုပ်နိုင်မယ်လို့ဆိုပါတယ်။ Ref: IE

ကိုထက်

## အင်ဒိုနီးရှား၌ လူလေးဦးပါ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား

**ဂျကာတာ၊ မတော်တဆမှု**

အင်ဒိုနီးရှားနိုင်ငံ၌ လူလေးဦးလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာလ ၁၀ ရက်တွင် ပျက်ကျမှုဖြစ်ပွားကြောင်းသိရသည်။

အဆိုပါရဟတ်ယာဉ်သည်မွန်းလွဲ၁ နာရီ မိနစ် ၄၀ အချိန်တွင် နိုင်ငံအလယ်ပိုင်းရှိ ပါပူအာပြည်နယ်၌ပျက်ကျခြင်းဖြစ်သည်ဟု တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


ထိုရဟတ်ယာဉ်သည် ပန်ကက်ဒေသရှိ အီလာဂါလေဆိပ်မှ မီမီကာဒေသရှိ မိုးဇက်လေဆိပ်သို့ပျံသန်းစဉ် ပျက်ကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း မီမီကာဒေသရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံးအဖွဲ့မှူး ဝါယန်ဆူယတ်နာကပြောသည်။

“ရဟတ်ယာဉ်ပျက်ကျသွားတဲ့နေရာကိုတော့ ထောက်လှမ်းမိပါပြီ။ ရဟတ်ယာဉ်ပျက်ကျမှုမှာပါသွားသူတွေက လေယာဉ်မှူး၊ အကူလေယာဉ်မှူးနဲ့ ခရီးသည်နှစ်ဦးတို့ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ မသိရသေးပါဘူး”ဟု ဝါယန်ဆူယတ်နာကဆက်ပြောသည်။

ထို့ပြင် ကယ်ဆယ်ရေးလုပ်ငန်းများကို စက်တင်ဘာလ ၁၁ ရက်တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအခြေအနေသည် ရာသီဥတုနှင့် အခြားသောအခြေအနေများအပေါ်မူတည်နေကြောင်း ၎င်းကဆက်ပြောထားသည်ဟုသိရသည်။

Ref: Xinhua

## အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများရှိခဲ့ဖူးသည့် လက္ခဏာများကို NASA က ရှာဖွေတွေ့ရှိ



**နယူးယောက်၊ အာကာသ**

အင်္ဂါဂြိုဟ်ပေါ်မှ စုဆောင်းရရှိသည့် လွန်ခဲ့သောနှစ်ဘီလီယံပေါင်းများစွာက ဖြစ်ပေါ်ခဲ့သော ကျောက်သားနမူနာကို စစ်ဆေးမှုများအရ အဆိုပါဂြိုဟ်ပေါ်၌သက်ရှိများရှိခဲ့ဖူးသည့်လက္ခဏာများကို NASA က ရှာဖွေတွေ့ရှိလိုက်ကြောင်းသိရသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ ရေကန်ဟောင်းတစ်ခု၏အောက်ခြေအနည်များထဲမှ ကောက်ယူရရှိသောကျောက်သားနမူနာထဲတွင် အဏုဇီဝသက်ရှိများရှိခဲ့ဖူးသောလက္ခဏာများကို တွေ့ရှိရခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များကပြောသည်။

ယခုတွေ့ရှိမှုကို သိပ္ပံပညာရှင်များက စက်တင်ဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ပြန်ချက်သည် ကမ္ဘာဂြိုဟ်၏ အိမ်နီးချင်းဂြိုဟ်၌ လွန်ခဲ့သောအချိန်များက သက်ရှိများရှိခဲ့ဖူးသည်ဟူသော ခိုင်လုံသည့်သက်သေအထောက်အထားတစ်ခုဖြစ်သည်။

NASA က စေလွှတ်လိုက်သည့် Perseverance အမည်ရှိ ခြောက်ဘီးတပ် ဂြိုဟ်ဆင်းယာဉ်တစ်စင်းသည် ၂၀၂၁ ခုနှစ်မှစ၍ Jezero အမည်ရှိချိုင့်ဝှမ်းကို လေ့လာရှာဖွေစူးစမ်းမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုချိုင့်ဝှမ်းသည် အင်္ဂါဂြိုဟ်မြောက်ပိုင်းရှိ နယ်မြေတစ်ခုဖြစ်ပြီး တစ်ချိန်ကရေများရှိခဲ့ဖူးသော ကန်ကြီးတစ်ခုဖြစ်ကြောင်းနှင့် သက်ရှိများရှိခဲ့ဖူးသော နေရာတစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များကမှတ်ယူထားသည်။

အဆိုပါဂြိုဟ်ဆင်းယာဉ်သည် ထိုချိုင့်ဝှမ်းအတွင်းရှိ ကျောက်သားနမူနာများနှင့် မြေမှုန့်များကိုစုဆောင်းရယူကာ ၎င်းတွင်ပါဝင်သည့်ကိရိယာများဖြင့် စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ရလဒ်များကိုကမ္ဘာမြေပေါ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်သည် သက်ရှိများနေထိုင်ရန်သင့်လျော်ခြင်းမရှိသော ဂြိုဟ်ကြီးတစ်လုံးအဖြစ် ယနေ့အချိန်အထိသတ်မှတ်ခံထားရပြီး ထိုဂြိုဟ်ပေါ်တွင် ရေများသည်လည်း ယခင်အချိန်များကသာရှိခဲ့ကြောင်း ပညာရှင်များက တညီတညွတ်တည်းထောက်ခံထားသည်။

ယခုစူးစမ်းလေ့လာမှုများလုပ်နေသည့် Jezero ချိုင့်ဝှမ်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံခန့်ကပေါ်ပေါက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များကယူဆထားသည်ဟုသိရသည်။

Ref: AGC

## အစ္စရေးက ယီမင်ရှိ ဟူသီအဖွဲ့၏ ကာကွယ်ရေးဌာနကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်

**ဆာနား၊ စစ်ရေး**

အစ္စရေးတပ်မတော်သည် ယီမင်နိုင်ငံ ဆာနားမြို့ရှိ ဟူသီအဖွဲ့ဟုလူသိများသော အန်ဆာအလ္လာလှုပ်ရှားမှုအဖွဲ့၏ ကာကွယ်ရေးဝန်ကြီးဌာနဝင်းအတွင်းသို့ လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ကြောင်း ဒေသတွင်းမှတာဝန်ရှိသူ သတင်းအရင်းအမြစ်တစ်ခုက Sputnik သတင်းဌာနသို့ စက်တင်ဘာလ ၁၀ ရက်တွင်ပြောသည်။

“အန်ဆာအလ္လာအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာနဝင်းထဲကို အစ္စရေးဘက်က လေကြောင်းမှတိုက်ခိုက်မှုသုံးကြိမ်လုပ်ပါတယ်။ ဒါ့အပြင် ဆော်ဒီအာရေဗျနဲ့နယ်စပ်ရှိ အယ်ဟာဇင်မြို့ထဲက အစိုးရအဆောက်အအုံကိုလည်း တိုက်ခိုက်မှုတွေလုပ်ဆောင်ပါတယ်” ဟု သတင်းအရင်းအမြစ်ကပြောသည်။

ထို့နောက် အစ္စရေး၏တိုက်ခိုက်မှုများကို ယီမင်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက တန်ပြန်နှိမ်နင်းမှုများလုပ်ဆောင်ခဲ့ကြောင်း ဟူသီစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ယာယာဆာရီယာကပြောထားသည်။

ထို့ပြင် ယင်းကဲ့သို့တိုက်ခိုက်မှုလုပ်ခဲ့ကြောင်းကိုလည်း အစ္စရေးတပ်မတော်က စက်တင်ဘာလ ၁၀ ရက်တွင် အတည်ပြုချက်ထုတ်ပြန်ထားကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

Ref: Sputnik

## တောင်ကိုရီးယားစစ်သည်များ စစ်ရေးလေ့ကျင့်စဉ် ခဲယမ်းပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံးစစ်သည် ၁၀ ဦးဒဏ်ရာရ

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံ၌ စစ်သည်များက စစ်ရေးလေ့ကျင့်နေစဉ် ဗလာခဲယမ်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးစစ်သည် ၁၀ ဦး ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။




စစ်ရေးလေ့ကျင့်မှုလုပ်သည့်နေရာက မြောက်ကိုရီးယားနိုင်ငံနှင့်နယ်စပ်ဖြစ်သည့် ပါဂျူးမြို့ရှိစစ်စခန်းတစ်ခုတွင်ဖြစ်ကြောင်း၊ အမြောက်တပ်ဖွဲ့က အမြောက်ပစ်ခတ်မှုလုပ်ငန်းစဉ်ကို လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ သို့သော် ကျည်စစ်ကျည်မှန်များကိုအသုံးပြုထားခြင်းမရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အဆိုပါ အမြောက်တပ်ဖွဲ့သည် K9 အမျိုးအစားဟောင်ဝစ်ဇာများ၏ပစ်ခတ်မှုလုပ်ငန်းစဉ်ကို လေ့ကျင့်နေခြင်းဖြစ်ကြောင်း၊ ထိုသို့လေ့ကျင့်စဉ် ဗလာခဲယမ်းများကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထိုခဲယမ်းများက မမျှော်လင့်ဘဲပေါက်ကွဲသွားခြင်းဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိမှုများရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် စစ်သည်များကို ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း၊ ထိုကဲ့သို့ဗလာခဲယမ်းပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်းနှင့် ပါဂျူးမြို့သည် ဆိုးမြို့မှ မိုင် ၃၀ ခန့်အကွာတွင်ရှိကြောင်း သိရသည်။

Ref: SCMP

## အင်ဒိုနီးရှားရှိ ဘာလီကျွန်း၌ ရေကြီးမှုဖြစ်ပွား အနည်းဆုံးလူကိုးဦးသေဆုံး



**ဒန်ပါဆာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေကျွန်းတစ်ခုဖြစ်သော နာမည်ကျော်ဘာလီကျွန်း၌ ရေကြီးမှုဖြစ်ပွားရာ အနည်းဆုံးလူကိုးဦးသေဆုံးပြီး ဒေသခံပြည်သူ ၆၀၀ ကျော် ရေဘေးသင့်ကြောင်း သိရသည်။

ထို့ပြင် ရေကြီးမှုကြောင့်လမ်းများပျက်စီးရသည့်အပြင် အပန်းဖြေနေရာများကိုလည်း ပိတ်ထားရကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။


စက်တင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တို့အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် ငါးဦးမှာ ဒန်ပါဆာမြို့မှဖြစ်ကြောင်း၊ ကျန်လေးဦးမှာ ဂျမ်ဘရာနာ၊ ဂီယန်ယာနှင့် ဘာဒေါင်းမြို့တို့မှဖြစ်ကြောင်းနှင့် လူနှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရသည်။

Ref: SCMP

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၅ ရက်**တွင် ဝိုင်းမော်မြို့၊ မိုင်းနားကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၆ ရက်**တွင် ဘားအံမြို့၊ သာယာကုန်းကျေးရွာ၊ ယာဉ်ရပ်နားဝင်း၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၃၉)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃၇)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၇၉၀၇၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head (၁)စီး၊ JAC Tractor Head (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Howo Sino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၄)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့၊ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၄၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့၊ ထီးပို့ကလို့ကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၇)မျိုး၊စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၇၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၉၆၁၇၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီး ရမိမှု။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂ ရက်မှ ၈ ရက်**အထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၈)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၈ ရက်**တွင် ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အမှတ်(၅၀၃)ရှိ ရုံးခန်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၈)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၉၆၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၈ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ ထူးပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့်ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀)ကို လည်းကောင်း၊ ရှာင်ခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၉)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၆၉၇၅၇၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Profia Truck (၁)စီး၊ Chin Dwin Star Truck (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၆၇၇၅၇၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၃၃၅၇၇၇)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
မိုးညှင်းမြို့နယ်နေ နွယ်ဇင်လင်း(ဘ)ဦးမောင်ချစ် ၇/မညန(နိုင်)၀၇၁၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ နှင်းဆီလမ်းနေ မတင်မိုးခိုင်(ဘ)ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၁၈၂၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၆၇၈၁၅၉

**ပျောက်ဆုံးကြောင်း**
ကျောက်ကြီးမြို့နယ်၊ တိုးဝါးစိုက်ရွာနေ မချိုသဲ(ဘ)ဦးပန်းကြိုင် ၇/ကကန(နိုင်)၀၈၈၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်နေ ရဲကျော်(ဘ)ဦးအောင်ဇင်ဦး ၇/ကဝန(နိုင်)၂၂၃၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယုနန္ဒာလှိုင်(ဘ)ဦးတိုးဝင်း ၇/ဒဥန(နိုင်)၂၁၂၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၄၁၅၄၃၁

**ပျောက်ဆုံးကြောင်း**
ဟန်နီဖြိုး(ဘ)ဦးကျော်ဝင်း ၁၂/ဒဂတ(နိုင်)၀၇၈၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၄၄၅၃၄၅

**မိဘအမည်မှန်**
ပဲခူးမြို့၊ အ.လ.က သာယာကုန်းကျောင်း၊ Grade-5 မှ မောင်ရဲရင့်၏ မိဘအမည်မှန်မှာ ဦးကျော်ဇင်ထွန်းနှင့် ဒေါ်ဝင်းဝင်းအေးတို့ဖြစ်ပါကြောင်း။
ဦးကျော်ဇင်ထွန်း-ဒေါ်ဝင်းဝင်းအေး

**ပျောက်ဆုံးကြောင်း**
နေမျိုးကျော်(ဘ)ဦးကျော်ဆွေ ၉/ရမသ(နိုင်)၁၉၉၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၄၄၉၉၈၉

**ပျောက်ဆုံးကြောင်း**
သူရစိုး(ဘ)ဦးသိန်းဝင်း ၉/ပဘန(နိုင်)၂၁၈၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
လမ်းမတော်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အနော်ရထာလမ်း၊အမှတ်(၁၈၅)နေ ပြုံးကြည်(ဘ)ကောင်ဂျန်လျောင်(ခ)ဦးကျင်စိန် ၁၂/လမတ(နိုင်)၀၂၆၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၄၃၂၂၄၉

**ပျောက်ဆုံးကြောင်း**
လိုဘီတင်(ခ)မြင့်မြင့်ဝင်း(ဘ)ဦးလိုဆောင်အင်၁၂/လမတ(နိုင်)၀၂၈၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၈၅၁၁၅၅

**ပျောက်ဆုံးကြောင်း**
မရီစံလင်း(ဘ)ဦးဖိုးနို ၂/ဒမဆ(နိုင်)၀၇၁၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 512969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၆၅၇၄၉၁

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုလဲလမ်းနေ မဇင်မျိုးသူ(ဘ)ဦးမျိုးဆွေ ၃/မဝတ(နိုင်)၀၇၂၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၅၅၆၀၄

**ပျောက်ဆုံးကြောင်း**
ခင်သန္တာထွန်း(ဘ)ဦးမြသိန်း ၁၂/ခရန(နိုင်)၁၂၀၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၆၉၂၆၇၅

**ပျောက်ဆုံးကြောင်း**
မာယာတင်(ဘ)ဦးအေးမောင် ၉/မခန(နိုင်)၀၁၁၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၁၂၆၇၀၅

**မိဘအမည်မှန်**
ဘီးလင်းမြို့၊ အ.ထ.က(ဇုတ်သုတ်)ကျောင်း၊ Grade-7 မှ မအေးမြစိန်၏ မိဘအမည်မှန်မှာ ဦးဗိုလ်ဗိုလ်မင်း ၁၀/ဘလန(နိုင်)၁၁၇၁၉၉ နှင့် ဒေါ်ကေသွယ်စိုး ၁၀/ဘလန(နိုင်) ၁၁၇၁၄၈ ဖြစ်ပါကြောင်း။
ဦးဗိုလ်ဗိုလ်မင်း-ဒေါ်ကေသွယ်စိုး

# မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲစနစ်သစ် Mixed Member Proportional System (MMP)


ရွေးကောက်ပွဲစနစ် Electoral System ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ပြည်သူများကို ကိုယ်စားပြုရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ အသုံးပြုသည့်စနစ်တစ်ခုပင်ဖြစ်သည်။ ရွေးကောက်ပွဲများတွင် အရေးအကြီးဆုံးမှာ ရွေးကောက်ပွဲစနစ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်တစ်ခု ပြောင်းလဲကျင့်သုံးခြင်းသည် နိုင်ငံရေးပါတီမျိုးစုံပါဝင်နိုင်မှုနှင့်နိုင်ငံရေးစနစ်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်သည်။ တိုင်းရင်းသားကိုယ်စားလှယ်များ စုံညီစွာပါဝင်နိုင်ခြင်းနှင့် အများပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် တရားဝင်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ခြင်း အကျိုးတရားများရရှိစေနိုင်သည်။

ဒီမိုကရေစီကျင့်စဉ်များတွင် ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် ဥပဒေရေးရာမူဘောင်များအနက် အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်နဲစွာအကျိုးသက်ရောက်မှုရှိနေသည်။ ထိုသို့ရွေးချယ်မှုသည် ကြိုတင်မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုများရရှိနိုင်သကဲ့သို့ မျှော်မှန်းမထားသည့် အကျိုးဆက်များလည်း ပေါ်ပေါက်စေနိုင်သည်။ အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းက ကြီးစိုးသည့်အခြေအနေကိုဖြစ်ပေါ်စေပြီး အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေနိုင်သည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်များအားလုံး၏ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များသည် တစ်မဲသာသူက အနိုင်ရရှိပြီး ကျန်မဲဆန္ဒရှင်များ၏ကိုယ်စားပြုမှုကို လျစ်လျူပြုရာရောက်ခြင်းများလည်း ရှိနိုင်သည်။ မည်သည့်ရွေးကောက်ပွဲစနစ်ပင်ဖြစ်စေ လွှတ်တော်များတွင် အားကောင်းမောင်းသန်ဆောင်ရွက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လူတော်လူကောင်းများကို ရွေးချယ်ပေးနိုင်ရန်အရေးကြီးသည်။ ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့်သင့်လျော်သော ရွေးကောက်ပွဲစနစ်များကိုရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း၊ ရွေးကောက်ပွဲစနစ်တစ်ခုမှတစ်ခုသို့ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရာတွင် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲစနစ်များကို ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်မည်ဖြစ်ရာ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့် ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်နယ်အပါအဝင် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၈၄ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၂၆ နယ် စုစုပေါင်းမဲဆန္ဒနယ် ၁၁၀၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့် ဆောင်ရွက်ရာတွင် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် မဲဆန္ဒနယ် ၃၂၂ နယ်နှင့် အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၄၂ နယ် စုစုပေါင်း မဲဆန္ဒနယ် ၃၆၄ နယ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

**ရွေးကောက်ပွဲစနစ်များ**

နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာရာတွင် ရွေးကောက်ပွဲစနစ်လေးမျိုးကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည် –




အထက်ပါ ရွေးကောက်ပွဲစနစ်များအနက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတွင် မဲအများဆုံးရသူအရွေးခံရသည့်စနစ် ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၁၁၁ နိုင်ငံနှင့် အခြားစနစ် ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း အောက်ပါအတိုင်းတွေ့ရှိရသည် –

**နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များ**

| စဉ် | အကြောင်းအရာ | အသုံးပြုနိုင်ငံ | မှတ်ချက် |
|---|---|---|---|
| ၁ | စာရင်းအလိုက် အချိုးကျ ကိုယ်စားပြုစနစ် (List Proportional Representation-List PR) | ၇၄ | ၇၈ |
| ၂ | လွှဲပြောင်း၍ရသောမဲပေးစနစ် (Single Transferable Vote- STV) | ၄ | |
| ၃ | ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional - MMP) | ၇ | ၃၃ |
| ၄ | ပူးတွဲစင်ပြိုင်စနစ် (Parallel System - PS) | ၂၆ | |
| ၅ | အနိုင်ရသူအကုန်ယူစနစ် (First Past The Post-FPTP) စနစ် | ၄၉ | ၇၄ |
| ၆ | နှစ်ကျော့ပြန်စနစ် (Two Round System- TRS) | ၁၉ | |
| ၇ | ကိုယ်စားလှယ် ဗဟိုပြု ဗဟု/အများစုစနစ် (Block Vote) | ၅ | |
| ၈ | ကြိုက်နှစ်သက်မှုဦးစားပေး ဗဟု/အများစုစနစ်(Alternative Vote-AV) | ၁ | |
| ၉ | အခြားစနစ်အသုံးပြုသည့်နိုင်ငံ | ၈ | |

**မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲစနစ်များ**

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သောရွေးကောက်ပွဲများမှာ ဗြိတိသျှကိုလိုနီခေတ် (၁၉၂၂–၁၉၄၇) ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ လေးကြိမ်ကျင်းပဆောင်ရွက်ခဲ့သည်။ ဥပဒေပြုလွှတ်တော်နှစ်ရပ်ရှိပြီး အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) တို့ ပါဝင်ကြသည်။ အထက်လွှတ်တော်အမတ် ၃၆ ဦးပါဝင်၍ တစ်ဝက်ကို အစိုးရကခန့်အပ်ပြီး တစ်ဝက်ကို အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်များထဲမှ အချိုးကျကိုယ်စားလှယ် (PR) စနစ်ကိုကျင့်သုံးသည်။ လွတ်လပ်ရေးရပြီးခေတ် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်တွင် ရွေးကောက်ပွဲသုံးကြိမ်ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် { First Past the Post (FPTP) } ကို ကျင့်သုံးခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ အထွေထွေရွေးကောက်ပွဲသုံးကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲသုံးကြိမ်ကျင်းပခဲ့ရာ နိုင်သူအကုန်ယူစနစ်ကိုသာ ကျင့်သုံးခဲ့ကြောင်းတွေ့ရှိရသည်။

**ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရန်ဆောင်ရွက်ခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျ

**ဦးရွှေဦး**

ကိုယ်စားပြုစနစ်ကျင့်သုံးရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလိုဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အားတိုက်တွန်းကြောင်းအဆိုကို (၃-၆-၂၀၁၄ ) ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမမြောက်ရက်နေ့က တင်သွင်းခဲ့သည်၊ အမျိုးသားလွှတ်တော်က ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရာ အဆိုအောင်မြင်ခဲ့ပြီး အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆိုကို အကောင်အထည်ဖော်ရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်များလည်း ရှိခဲ့သည်။ အကောင်အထည်ဖော်ရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှုသဘောတရားအစုံနှင့် ပြည်သူတို့၏ဆန္ဒအစုံကိုကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုးဖော်ဆောင်လျက် တည်ငြိမ်ပြီးစွမ်းရည်ရှိသော အစိုးရမျိုးဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်ကြောင်းအကြံပြုခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲခြောက်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲ၊ ၁၉၆၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့အား လေ့လာခဲ့ရာ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှုရာခိုင်နှုန်း အချိုးအစားမကျမှုများပြားခဲ့ခြင်းအပေါ် ရွေးကောက်ပွဲစနစ်ကြောင့်ဖြစ်သည်ဟု သုံးသပ်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလတို့တွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရေးကို ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စားသူ ၂၀ ဦး စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီ ၁၆ ပါတီက စာတမ်းများတင်ပြခဲ့သည်။ ထိုစာတမ်းများတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးကိစ္စသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့်သက်ဆိုင်သည့်အပြင် နိုင်ငံတော်၏သမိုင်းကြောင်း၊ ဖြစ်ပေါ်တိုးတက်လာသည့် နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း သက်ဆိုင်နေကြောင်း၊ သမိုင်း၏တောင်းဆိုမှုအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ဆီသို့ အရောက်ချီတက်မည်ဆိုပါက ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးသည် မရှိမဖြစ်ဖြတ်ကျော်ရမည့် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးမှသည် တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးအတွက် လွှတ်တော်အသီးသီးတွင် အားလုံးပါဝင်စေသော ကိုယ်စားပြုမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့်

**စာမျက်နှာ ၂၆ သို့** ■

■ **စာမျက်နှာ ၂၅ မှအဆက်**

ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာရေးကို ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်းဝင်ရောက်နိုင်မှုအခွင့်အရေး ပိုမိုရရှိလာနိုင်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးချင်းရဲ့ အခွင့်အရေးကိုအာမခံနိုင်ခြင်း၊ မဲအဟောသိကံဖြစ်မှုမရှိနိုင်ခြင်း၊ ရွေးကောက်ပွဲများအပေါ် ပြည်သူစိတ်ဝင်စားမှုရှိလာပြီး မဲလာပေးမှု (Voter Turnout) ကောင်းလာနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusiveness)ပိုမိုရရှိလာနိုင်ခြင်း၊ အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်းပါဝင်နိုင်ရေးကို လက်တွေ့ကျင့်သုံးလာနိုင်ခြင်း၊ ပါတီတစ်ခုတည်း၏ကြီးစိုးလွှမ်းမိုးမှုကိုလျှော့ချနိုင်ခြင်း စသည့်အကျိုးစီးပွားများကို ရရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲပုံစံသစ်ကို အရေးပေါ်ကာလလုပ်ငန်းတာဝန်များပြီးဆုံးပြီးနောက် ကျင်းပမည့်ရွေးကောက်ပွဲတွင် စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**ရောနှောထားသောကိုယ်စားလှယ်အချိုးကျ Mixed Member Proportional (MMP) စနစ်**

MMP စနစ် အသုံးပြုရခြင်း၏ရည်ရွယ်ချက်သည် အလုံးစုံအချိုးညီမျှမှုရှိစွာ ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ရာ မတူညီသည့်ရွေးကောက်ပွဲစနစ်နှစ်ခုအား တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားရပေသည်။ အများစုကိုယ်စားပြုမှု(Majoritarian)ရလဒ်အား မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် ဦးစွာအတည်ပြုရွေးချယ်ပေးပြီး ယင်းနောက် ပါတီကိုယ်စားပြုရွေးချယ်မှုအား အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် အချိုးညီမျှမှုရှိစွာ ဆက်လက်ဆောင်ရွက်သည်။ FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။ မဲဆန္ဒရှင်များက ကိုယ်စားလှယ် (Constituency Vote) အတွက် FPTP ဖြင့် မဲပေးပြီး ပါတီ (Party Vote) အတွက် PR ဖြင့် မဲပေးရခြင်းဖြစ်သည်။ ပါတီများ၏ ကိုယ်စားလှယ်နေရာခွဲဝေမှုမှာ FPTP ဖြင့် အနိုင်ရထားသည့် ကိုယ်စားလှယ်နေရာများကို ထည့်တွက်ပြီး PR စနစ်ဖြင့် အချိုးကျတွက်ချက်ခွဲဝေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် MMP စနစ်ကျင့်သုံးသည့် နိုင်ငံခုနစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရသည်။

**မြန်မာနိုင်ငံ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီဖြင့် ရွေးချယ်ရမည်ဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင် ဆောင်ရွက်မည့်စနစ်မှာ Mixed Member Proportional (MMP) စနစ်ဖြစ်ပြီး FPTP စနစ်နှင့် PR စနစ်တို့ကိုပေါင်းစပ်၍ဆောင်ရွက်ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်ပွဲတင်မြှောက်ရမည်ဖြစ်ရာ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလုံးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင် FPTP မဲဆန္ဒနယ် ခြောက်နယ်သတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ခြောက်ဦးကို FPTP စနစ်ဖြင့် ဦးစွာရွေးကောက်တင်မြှောက်ရမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကိုသတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့်မဲများကို ပါတီအသီးသီးကရရှိသည့် မဲများအဖြစ်သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်ခြောက်ဦးကို အချိုးကျကိုယ်စားပြုစနစ် (Closed List PR) စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦး ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ ကိုယ်စားလှယ်တစ်ဦးအား FPTP စနစ်ဖြင့်လည်းကောင်း၊ ကျန်ကိုယ်စားလှယ်တစ်ဦးအား (Closed List PR) စနစ်ဖြင့်လည်းကောင်း ရွေးကောက်တင်မြှောက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များကို မြို့နယ်တစ်မြို့နယ်တွင် FPTP မဲဆန္ဒနယ် တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးစီကို ဦးစွာရွေးချယ်တင်မြှောက်ရမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကိုသတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များရရှိသည့်မဲများကို ပါတီအသီးသီးကရရှိသည့် မဲများအဖြစ်သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်တစ်ဦးကို အချိုးကျကိုယ်စားပြုစနစ် (Closed List PR) စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်ပါအတိုင်း မတူညီသော ရွေးကောက်ပွဲစနစ်နှစ်ခုကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် MMP စနစ်သည် FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ အချိုးညီမျှမှုများကို တစ်ပေါင်းတည်း ရရှိနိုင်မည်ဖြစ်သည်။

**အီတလီနိုင်ငံ**

အီတလီနိုင်ငံ ပါလီမန်ကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံး၏ ရွေးကောက်ပွဲကို Mixed System အသုံးပြု ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ကို ကိုယ်စားလှယ် ၄၀၀ ဦးဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းဖြစ်သည့် ၁၄၇ နေရာကို FPTP စနစ်ဖြင့်လည်းကောင်း၊ ၆၃ ရာခိုင်နှုန်းဖြစ်သည့် ၂၅၃ နေရာကို PR စနစ်ဖြင့်လည်းကောင်း ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ်တစ်စောင်ဖြင့် ဆန္ဒပြုမဲပေးရမည်ဖြစ်သည်။ အဆိုပါ ဆန္ဒမဲလက်မှတ်တွင် ကိုယ်စားလှယ်အမည်နှင့် ပါတီအမည်ပါဝင်မည်ဖြစ်ရာ မဲဆန္ဒရှင်ဆန္ဒပြုရွေးချယ်လိုက်သည့်ကိုယ်စားလှယ်လောင်းသည် FPTP စနစ်ဖြင့် မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်များရွေးချယ်မှုတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်ပြီး ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသည့်ပါတီသည် PR စနစ်ဖြင့် ပါတီကိုယ်စားပြုစာရင်းတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ စနစ်နှစ်မျိုးဖြင့် ကိုယ်စားလှယ်များရွေးချယ်မှုသည် သီးခြားစီတွက်ချက်ရွေးချယ်သွားခြင်းဖြစ်သည်။

**ဟန်ဂေရီနိုင်ငံ**

ဟန်ဂေရီနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်သော လွှတ်တော်တစ်ရပ်သာရှိသည်။ အမျိုးသားလွှတ်တော် (National Assembly) တွင် ကိုယ်စားလှယ် ၁၉၉ ဦးရှိပြီး မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် ၁၀၆ ဦးနှင့် လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ် ၉၃ ဦးတို့ပင်ဖြစ်သည်။ မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်များ FPTP စနစ် အသုံးပြုရွေးကောက်တင်မြှောက်ပြီး လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ်များကို Closed List PR အသုံးပြု ရွေးကောက်တင်မြှောက်သည်။ မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ်နှစ်စောင်ဖြင့် ဆန္ဒပြုရသည်။ ပထမမဲ (First Vote) သည် မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် ၁၀၆ ဦးအတွက်ဖြစ်ပြီး ဒုတိယမဲ (Second Vote) သည် နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ် ၉၃ ဦးအတွက်ဖြစ်သည်။ Threshold သတ်မှတ်ချက်အနေဖြင့် ပါတီတစ်ပါတီသည် ပါတီခိုင်လုံမဲအနည်းဆုံး ၅ ရာခိုင်နှုန်း ၊ ပူးတွဲပါတီ နှစ်ပါတီဖြစ်ပါက ခိုင်လုံမဲ ၁၀ ရာခိုင်နှုန်း၊ ပူးတွဲပါတီသုံးပါတီဖြစ်ပါက ခိုင်လုံမဲ ၁၅ ရာခိုင်နှုန်းရရှိမှသာလျှင် လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာရရှိခွင့်ရှိမည်ဖြစ်သည်။ ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ရာတွင် D'Hondt Method အသုံးပြု၍ ခွဲဝေသတ်မှတ်သည်။

**FPTP ၊ PR ၊ MMP စနစ်တို့၏ မျှဝေမှုနှင့် နှိုင်းယှဉ်မှုဇယား**

| စနစ် | FPTP | PR | MMP |
|---|---|---|---|
| စနစ်ရိုးရှင်း | ✓ | ✗ | ✗ |
| တရားမျှတမှု | ✗ | ✓ | ✓ |
| တိုင်းရင်းသား/လူနည်းစုပါဝင်မှု | ✗ | ✓ | ✓ |
| အစိုးရတည်ငြိမ်မှု | ✓ | ✗ | ✓ |
| ပါတီငယ်များပါဝင်နိုင်မှု | ✗ | ✓ | ✓ |
| စနစ်နားလည်ရလွယ်မှု | ✓ | ✗ | ✗ |

MMP စနစ်သည် တရားမျှတမှု၊ တိုင်းရင်းသားလူနည်းစုပါဝင်မှု၊ အစိုးရတည်ငြိမ်မှု၊ ပါတီငယ်များပါဝင်နိုင်မှု အားသာချက်များရှိကြောင်းတွေ့ရှိရသည်။ FPTP စနစ်၏အားသာချက်မှာ ရိုးရှင်းပြီးတည်ငြိမ်သည့်အစိုးရဖွဲ့စည်းနိုင်သည်။ အားနည်းချက်အနေဖြင့် အဟောသိကံဖြစ်သောမဲများပါဝင်ပြီး ပါတီငယ်များအတွက် ကိုယ်စားလှယ်ရရှိမှုနည်းပါးသည်။ PR စနစ်၏အားသာချက်မှာ မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှုပိုမိုမျှတပြီး လူနည်းစုတိုင်းရင်းသားပါတီငယ်များ အခွင့်အရေးပိုမိုရရှိသည်။ အားနည်းချက်အနေဖြင့် ညွန့်ပေါင်းအစိုးရများဖြစ်ပေါ်နိုင်ပြီး လွှတ်တော်အတွင်း ဆုံးဖြတ်ချက်ချရန် နှောင့်နှေးမှုများရှိလာနိုင်သည်။ MMP စနစ်၏ အားသာချက်မှာ FPTP စနစ်၏ ရိုးရှင်းမှုနှင့် PR စနစ်၏မျှတမှုတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဒေသဆိုင်ရာကိုယ်စားပြုမှုနှင့် ပါတီအချိုးကျကိုယ်စားပြုမှုတို့ကို ဟန်ချက်ညီစေသည်။ အားနည်းချက်အနေဖြင့် စနစ်မှာ အနည်းငယ်ရှုပ်ထွေးပြီး မဲရေတွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိလာနိုင်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အပြင် နိုင်ငံရေးပါတီများမှာလည်း တစ်နိုင်ငံလုံးစည်းရုံးမည့် ပါတီကြီးများအပြင် ဒေသတွင်းစည်းရုံးသည့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုပါတီများ၊ နိုင်ငံရေးခံယူချက်ဖြင့်ဖွဲ့စည်းသည့်ပါတီများ၊ ပါတီအရေအတွက် စုံလင်များပြားစွာဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ MMP စနစ်သည် အထက်ပါသုံးသပ်ချက်များအရ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးစနစ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ FPTP နှင့် Constituency Vote များ အပေါ်တွင် အခြေတည်ထားသည့်အတွက် တည်ငြိမ်သောအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်မှုမြင့်မားခြင်း၊ PR စနစ်အပေါ်တွင် အခြေခံထားသောကြောင့် ပါတီကြီးများအပြင် တိုင်းရင်းသားပါတီများ ပါဝင်ခွင့်ရှိခြင်း၊ လူပုဂ္ဂိုလ် (ပါတီကိုယ်စားလှယ်) နှင့် ပါတီကို မဲပေးဆောင်ရွက်ရသဖြင့် ပြည်သူ့စိတ်ကြိုက်ရွေးချယ်တင်ပြနိုင်ခြင်း၊ ပြည်သူရွေးချယ်မှုအရ တန်ဖိုးရှိသော ကိုယ်စားလှယ်/ပါတီများ လွှတ်တော်များတွင် ကိုယ်စားပြုမှုရရှိခြင်း၊ တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီများအပြင် တိုင်းရင်းသားပါတီများ၊ နယ်မြေအခြေစိုက်ပါတီများ ပြည့်စုံစွာပါဝင်နိုင်သဖြင့် နိုင်ငံရေးပါဝင်မှုတိုးမြှင့်စေခြင်းတို့အပြင် မဲဆန္ဒရှင်ပြည်သူများ၏အခွင့်အရေးများ နစ်နာမှုမရှိစေနိုင်သည့် အကျိုးကျေးဇူးများရှိသဖြင့် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၌ **Mixed Member Proportional (MMP) စနစ်**ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကိုကြိုဆိုလိုက်ရပါသည်။ ။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းဒေသကြီးကထုတ်လုပ်သော MSME လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ထုတ်ကုန်အရောင်းပြပွဲ/ပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းဒေသကြီးအတွင်းထုတ်လုပ်သည့် MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ထုတ်ကုန်အရောင်းပြပွဲ/ပြိုင်ပွဲ၊ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကစတင်ပြီး အောက်တိုဘာလ (၁၀) ရက်နေ့အထိ ပဲခူးမြို့၊ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရှေ့ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် သီတင်းကျွတ်လပြည့်နေ့တွင် ပွဲတော်လာ ဧည့်ပရိသတ် (၁၅,၀၀၀) အား စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ထင်ရှားကျော်ကြားသည့်အနုပညာရှင်များ၏ စင်တင်ဖျော်ဖြေမှုများ၊ ဇာတ်သဘင်ဖျော်ဖြေမှုများ၊ ပဲခူးမြစ်အတွင်း မီးမျှောပွဲနှင့် ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများတွင် ဆီမီး (၁၀,၀၀၀) ထွန်းညှိခြင်း၊ မြို့တွင်းလမ်းတစ်လျှောက်နှင့် အများပြည်သူဆိုင်ရာပန်းခြံများတွင် မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ပဲခူးမြို့သူ/မြို့သားများနှင့် မိဘပြည်သူများအနေဖြင့် မည်သူမဆိုလွတ်လပ်ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**













### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နယ်နေ မောင်နိုင်အောင်(ဘ)ဦးယန်စီချန်း ၉/မကန(နိုင်)၀၉၆၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.က(၁၀)Grade-12(B) မှ ပညာသင်ကြားနေသော မတင်နီလာထွန်း၏ဖခင် ဦးထွန်းဝေ၏အမည်မှန်မှာ ၃/ဘအန(နိုင်)၁၃၉၅၆၆ မင်းထွန်းဝေဖြစ်ပါကြောင်း။

မင်းထွန်းဝေ

### ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်)Grade-12 မှ မသော်တာလင်း၏ဖခင်ဦးမောင်လင်း၏အမည်မှန်မှာ ဦးလင်း ၉/ပမန(နိုင်)၀၅၂၇၇၆ ဖြစ်ပါကြောင်း။

ဦးလင်း

### ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်)Grade-12 မှ မမာလုံး၏ ဖခင် ဦးမြင့်နိုင်၏အမည်မှန်မှာ ဦးမြင့်ခိုင် ၉/ပမန(နိုင်)၁၇၁၆၅၉ ဖြစ်ပါကြောင်း။

ဦးမြင့်ခိုင်

## မသက်ဆိုင်တော့ပါကြောင်းအသိပေးကြေညာခြင်း

ပဲခူးမြို့၊ ဥဿာ(၁)ရပ်ကွက်တွင်နေထိုင်သူ ဦးမင်းမင်းထိုက်(ဘ)ဦးတင်ထွန်း ၇/ပခန(နိုင်)၂၇၂၅၅၁ ကိုင်ဆောင်သူနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုညိုသန်း(ဘ)ဦးဝင်းမောင် ၇/ပခန(နိုင်)၂၈၉၁၃၄ တို့သည် ၂၀၁၇ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ထိုကဲ့သို့ပေါင်းသင်းနေထိုင်လာစဉ်၇-၇-၂၀၂၅ ရက်နေ့တွင် ဦးမင်းမင်းထိုက်သည် မိသားစုများအားအသိပေးအကြောင်းကြားခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက်နေအိမ်မှထွက်ခွာသွားပြီး ယနေ့အထိ မိသားစုအား ဆက်သွယ်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုညိုသန်းသည် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော လူမှုကိစ္စအဝဝနှင့် အခြားကိစ္စရပ်များအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ညိုညိုသန်း၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင့်ဝါထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၇၆၀၇/၂၁-၁၂-၂၀၂၁)
အမှတ်(၂၃၇)ဗန်းလှိုင်(၂၇)လမ်း၊ ပဲခူးမြို့။
09-428115718

### အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အ.မ.က (၂၃၂)စမ်းမြိုင် Grade-5 မှ ပညာသင်ကြားနေသော အဘ ဦးအောင်မိုးမြင့် ၁၄/ကကထ(နိုင်)၁၄၇၀၃၇ ၏သမီး မအိစက်ဝင့်ဝါအား မအိမ့်မျက်သွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်မျက်သွယ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.လ.က(ခွဲ)အမက(၇)မှ အလယ်တန်းပြဆရာမ ဒေါ်သန်းမြင့် ၁၃/လရန(နိုင်)၀၁၇၄၇၅ ၏ဖခင် ဦးကျားကြီး(ခ)ဦးကျားမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျားကြီး(ခ)ဦးကျား**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ဦးရပ်၊ ဓမ္မာရုံလမ်းနေ မောင်ဇော်မိုးနိုင် Grade-12၊ ဖမက 557 နှစ်ကျပြင်ပဖြေ၏ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ငြိမ်း ၈/မကန(နိုင်)၁၄၅၁၇၀ ဖြစ်ပါကြောင်း။

ဦးဝင်းကျော်ငြိမ်း

### မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (ခွဲ)အောင်သာ Grade-12 မှ မောင်စည်သူအောင်၏မိခင်အမည်မှန်မှာ ဒေါ်လှိုင်ဇာချော ၉/လဝန(နိုင်)၂၃၀၅၆၂ ဖြစ်ပါကြောင်း။

ဒေါ်လှိုင်ဇာချော

### မတည်ငွေရင်းလျှော့ချရန် ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း

Top Trading Co.,Ltd.(Reg No.100397099) ၏ (၁၀-၉-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း (၁,၀၀၀)မှ ကျပ်သိန်း(၄၀၀)သို့ အစုရှယ်ယာပယ်ဖျက် လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့(Top Trading Co.,Ltd.)

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၁)Grade-12 မှ မောင်စိုးမင်းထွန်း၏ ဖခင် ဦးစိုးပိုင်၏အမည်မှန်မှာ ဦးစိုးပိုင်ဦး ၉/ကပတ(နိုင်)၁၆၆၆၈၆ ဖြစ်ပါကြောင်း။

ဦးစိုးပိုင်ဦး

WATERSTONE COMPANY LIMITED

**မြန်မာနိုင်ငံလုပ်ငန်းလုပ်ကိုင်ခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "WATERSTONE COMPANY LIMITED." ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၉-၉-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ် အစည်းအဝေးကအထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | DAW WYNN WYNN NYUNT |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | WATERSTONE COMPANY LIMITED |

### ပျောက်ဆုံးကြောင်း

အောင်ဝေဦး(ဘ)ဦးသိန်းဇော် ၅/မမတ(နိုင်) ၁၁၂၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 465825)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ ဒေါ်ထုရာ ၁၂/တကန(နိုင်) ၁၂၉၁၀၀ ၏ဖခင် ဦးအမ်ယာကု(ခ)ဦးမခေါ်ရာကုမှာ အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအမ်ယာကု(ခ)ဦးမခေါ်ရာကု**

### ပျောက်ဆုံးကြောင်း

စောမင်းမြင့်(ဘ)ဦးကျော်မြင့် ၉/မထလ(နိုင်) ၀၂၀၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 123101)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၁၁၂၁၁၄

### ပျောက်ဆုံးကြောင်း

ဖြူဖြူ(ဘ)ဦးထွန်းလင်း ၉/ရမသ(နိုင်)၂၀၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 815504)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

BETA BRAINS COMPANY LIMITED

**မြန်မာနိုင်ငံလုပ်ငန်းလုပ်ကိုင်ခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များ ဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "BETA BRAINS COMPANY LIMITED." ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၉-၉-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U THIHA HAN |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | BETA BRAINS COMPANY LIMITED |

### ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(တောင်စွန်း)ကျောင်း၊ Grade-12 မှ မခင်ခက်ခက်ခိုင်၏ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၁၀/ဘလန(နိုင်)၀၄၃၉၇၂ ဖြစ်ပါကြောင်း။

ဦးတင်ထွန်း

### ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကဇိုင်း)ကျောင်း၊ Grade-10 မှ မခင်လေးနွယ်၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်လတ် ၁၀/ဘလန(နိုင်) ၀၉၈၃၂၁ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်လတ်

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊အ.ထ.က(၂)အေးသာယာ Grade-12(B) မှ နော်ဘလယ်ဇင်ထူး၏ဖခင် အမည်မှန်မှာ ဦးဟဲဒီဇယ်ထူး ၃/သတန(နိုင်) ၀၃၀၉၃၄ ဖြစ်ပါကြောင်း။

ဦးဟဲဒီဇယ်ထူး

### အမည်ပြောင်း

နတ်မောက်မြို့နယ်၊ အ.လ.က နဘူးကွဲ Grade-7 မှ (ဘ)ဦးဝင်းမြင့်ဦး၏သား မောင်အောင်ဖုန်းပြည့်၏ အမည်မှန်မှာ မောင်အောင်ဘုန်းပြည့်ဖြစ်ပါကြောင်း။

မောင်အောင်ဘုန်းပြည့်

### ပျောက်ဆုံးကြောင်း

ဖြိုးနေခြည်ထွန်း(ဘ)ဦးစိုးလွင် ၁/မကန(နိုင်) ၀၉၆၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၄၁၈၉၉၅

### ပျောက်ဆုံးကြောင်း

တင်အေးစိုး(ဘ)ဦးကျော်မောင် ၁၂/ပဘတ (နိုင်)၀၀၄၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 584910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၂၅၇၉၇၈

### ပျောက်ဆုံးကြောင်း

မျိုးမင်းကြူ(ဘ)ဦးလှကြည် ၁၂/တတန(နိုင်) ၁၃၇၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဟန်သီထွန်း(ဘ)ဦးအေးမောင် ၉/ပမန(နိုင်) ၁၇၇၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၀၄၈၄၅၄၄

### ပျောက်ဆုံးကြောင်း

ကျော်စွာဝင်း(ဘ)ဦးကျော်ငွေ ၁၃/ညရန(နိုင်)၀၅၈၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၈၉၈၈၄၇

### ပျောက်ဆုံးကြောင်း

ခင်အေး(ဘ)ဦးအုန်းဖေ ၁၂/မရက(နိုင်)၁၁၃၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၂၆၈၆၇

### ပျောက်ဆုံးကြောင်း

ပညာဝရ(ဘ)ဦးလှမြင့် ၉/မဟမ(သ)၀၀၃၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၆၀၇၇၀

# ဘီလ်ဘာအိုအသင်း၏ တောင်ပံကစားသမား နီကိုဝီလီယံ ကြွက်သားဒဏ်ရာရရှိသည့်အတွက် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်



မက်ဒရစ် စက်တင်ဘာ ၁၀

စပိန်လာလီဂါကလပ် ဘီလ်ဘာအိုအသင်း၏ တောင်ပံကစားသမား နီကိုဝီလီယံသည် ကြွက်သားဒဏ်ရာရရှိသည့်အတွက် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

စပိန်လက်ရွေးစင်အသင်းနှင့် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလီယံသည် စက်တင်ဘာလ ၈ ရက်က တူကီယဲအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် ပထမပိုင်း မပြီးဆုံးမီ ပွဲချိန် ၄၄ မိနစ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဖာရန်တောရက်စ်နှင့် လူစားလဲလှယ်ခဲ့ရသည်။

ယခုအခါ ၎င်း၏ဒဏ်ရာကို စစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်အပါအဝင် အသင်းအတွက် အရေးပါသည့် ပွဲစဉ်များကိုပါ လွဲချော်မည်ဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် တောင်ပံကစားသမား နီကိုဝီလီယံသည် ဘီလ်ဘာအိုအသင်း၏ပွဲစဉ်များဖြစ်သော စက်တင်ဘာလ ၁၃ ရက်တွင် စပိန်လာလီဂါပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားမည့် အလာဗက်စ်အသင်းနှင့် ပွဲစဉ်မှစတင်ကာ အာဆင်နယ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်၊ ဗလင်စီယာအသင်းနှင့် စပိန်လာလီဂါပွဲစဉ်(၅)တို့ကို လွဲချော်မည်ဖြစ်သည်။

နီကိုဝီလီယံသည် ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း အသင်းက ၎င်းကို ၁၀ နှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုခဲ့ကာ လက်ရှိဘောလုံးရာသီတွင် လာလီဂါသုံးပွဲကစားထားရာ တစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။ *Ref; Fotmob*

# ဂန္ထဝင်ကစားသမား မိုက်ကယ်အိုဝင်၏ ဝေဖန်ပြောကြားမှုကို အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင် ဟယ်ရီကိန်း ပြန်လည်တုံ့ပြန်

လန်ဒန် စက်တင်ဘာ ၁၀

အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်နှင့် ဘိုင်ယန်မြူနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက ဂန္ထဝင်ကစားသမား မိုက်ကယ်အိုဝင်၏ ဝေဖန်ပြောကြားမှုကို ပြန်လည်တုံ့ပြန်ခဲ့ကြောင်း သိရသည်။

ဂန္ထဝင်ကစားသမား မိုက်ကယ်အိုဝင်သည် မန်ယူအသင်းကစားသမားဟောင်း ရီယိုဖာဒီနန်နှင့် Presents podcast အစီအစဉ်တွင် အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းအနေဖြင့် ၁၅ နှစ်ကျော်ကြာ ကစားခဲ့သည့် စပါးအသင်းကို စွန့်ခွာပြီး ၂၀၂၃ ခုနှစ်နွေရာသီက ဘိုင်ယန်မြူးနစ်အသင်းထံ ပြောင်းရွှေ့ကစားမှုအပေါ် ဝေဖန်ပြောကြားခဲ့သည်။

မိုက်ကယ်အိုဝင်က တိုက်စစ်မှူးဟယ်ရီကိန်းသည် အဆုံးသတ်ကောင်းမွန်ပြီး ပြီးပြည့်စုံသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ သွားရောက်ကစားခဲ့ခြင်းကို မနှစ်သက်ခဲ့ကြောင်း၊ အဆိုပါပြောင်းရွှေ့မှုသည် ၎င်းအတွက် အမှားတစ်ခုဖြစ်ကြောင်း၊ ဟယ်ရီကိန်းအနေဖြင့် ပရီးမီးယားလိဂ် ဂိုးသွင်းဘုရင်ဖြစ်လာစေရန် အခွင့်အရေးရှိကြောင်းနှင့် ပရီးမီးယားလိဂ်တွင် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာသည်မှာ ကြီးမားသည့်အောင်မြင်မှုဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းတွင် ကစားခဲ့စဉ်က ပရီးမီးယားလိဂ်သွင်းဂိုး ၂၁၃ ဂိုးသွင်းယူထားပြီး အလန်ရှီးယား၏ ဂိုးသွင်းအများဆုံးစံချိန်ကို လိုက်မီရန် ၄၈ ဂိုးသာလိုတော့သည့်အချိန်တွင် အသင်းပြောင်းရွှေ့ခဲ့ခြင်းအတွက် မိုက်ကယ်အိုဝင်က ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဟယ်ရီကိန်းက "ကျွန်တော့်အပေါ် လူတိုင်းရဲ့ထင်မြင်ယူဆချက်ကို ပြောခွင့်ရှိပါတယ်။ ကျွန်တော်နဲ့ မိုက်ကယ်အိုဝင်က အင်္ဂလန်အသင်းမှာ အချိန်ခဏရှိခဲ့ဖူးပါတယ်။ သူက ပရီးမီးယားလိဂ်ရဲ့ ဂန္ထဝင်ကစားသမားတစ်ယောက်ပါ။ ဒါ့ကြောင့် သူ့ကို ကျွန်တော် လေးစားမှုရှိပါတယ်။ သူက ကျွန်တော် စပါးအသင်းမှာ ထပ်မံကစားဖို့ထက် ဆုဖလားရရှိဖို့ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ကစားတယ်လို့ အရိပ်အမြွက်ပြောကြားခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။အခု ဘိုင်ယန်မြူးနစ်အသင်းမှာ ဗိုလ်လုပွဲတွေနဲ့ ချန်ပီယံလိဂ်ပွဲတွေ ကစားခဲ့ရလို့ ကျွန်တော်အရမ်းကို ပျော်ရွှင်နေပါတယ်။ ကစားသမားတစ်ယောက်အနေနဲ့ တိုးတက်မှုတွေရှိတယ်လို့လည်း ကျွန်တော်ခံစားနေရပါတယ်"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် စပါးအသင်းတွင် ကစားခဲ့စဉ်က အဓိကဆုဖလားရရှိခြင်းမရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါအမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူး၏ နော်တင်ဟမ်အသင်းနည်းပြအဖြစ် ပထမဆုံးပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရဖွယ်ရှိ



လန်ဒန် စက်တင်ဘာ ၁၀

စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူး၏ နော်တင်ဟမ်အသင်းနည်းပြအဖြစ် ပထမဆုံးပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရဖွယ်ရှိကြောင်း သိရသည်။

နော်တင်ဟမ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် အသင်းပိုင်ရှင်အပါအဝင် အသင်းဘုတ်အဖွဲ့ဝင်များနှင့်ဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့သော နည်းပြနူနိုဆန်းတို့စ်၏နေရာ၌ စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူးကို ခန့်အပ်ခဲ့သည်။

နည်းပြပိုစတီကိုဂလူးသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းအတွက် ပထမဆုံးအကြိမ် ယူရိုပါလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်တွင် ရလဒ်ပိုင်းဆိုးရွားခဲ့သောကြောင့် ယူရိုပါလိဂ်ဗိုလ်လုပွဲအပြီး ရက်ပိုင်းအကြာတွင် ထုတ်ပယ်ခံခဲ့ရကာ အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ထို့နောက် လပိုင်းအကြာတွင် နော်တင်ဟမ်အသင်းက နည်းပြနူနိုဆန်းတို့စ်၏နေရာ၌ ပိုစတီကိုဂလူးကို ခန့်အပ်သည်ဟု တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းကြောင့် စက်တင်ဘာလ ၁၃ ရက်တွင် ပရီးမီးယားလိဂ် ပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားမည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကို စတင်ကိုင်တွယ်ရဖွယ်ရှိကြောင်း သိရသည်။

ပိုစတီကိုဂလူးသည် စပါးအသင်းနည်းပြဘဝတွင် အာဆင်နယ်အသင်းနှင့်လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး နိုင်ပွဲရရှိခြင်းမရှိခဲ့ဘဲ သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ရရှိခဲ့သည်။

အသက် ၆၀ အရွယ် ဩစတြေးလျလူမျိုး နည်းပြ ပိုစတီကိုဂလူးသည် ၎င်း၏နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် စပါးအသင်းအတွက် ပထမဆုံး ယူရိုပါလိဂ်ဖလားရယူပေးနိုင်ခဲ့သည့်အပြင် ၂၀၁၉ ခုနှစ်က ဂျပန်ကလပ် ယိုကိုဟားမားအက်မာရီနော့အသင်းနှင့် ဂျေလိဂ်ချန်ပီယံဖြစ်ခဲ့ပြီး စကော့တန်ကလပ်ဆဲလ်တစ်အသင်းကို ဘောလုံးရာသီနှစ်ရာသီကြာ ကိုင်တွယ်ခဲ့ရာတွင်လည်း ပြည်တွင်းဆုဖလားများ ရယူခဲ့ဖူးသူဖြစ်ကာ ယခုအခါနော်တင်ဟမ်အသင်းနည်းပြဖြစ်လာကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ပီအက်စ်ဂျီအသင်း၏ ဝါရင့်ခံစစ်ကစားသမား ကင်ပန်ဘေ ကာတာအက်ဖ်စီသို့ ပြောင်းရွှေ့

ပါရီ စက်တင်ဘာ ၁၀

ပီအက်စ်ဂျီအသင်း၏ ဝါရင့်ခံစစ်ကစားသမား ကင်ပန်ဘေသည် ကာတာကလပ် ကာတာအက်ဖ်စီသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အသက် ၃၀ နှစ်အရွယ် ပီအက်စ်ဂျီအသင်းနှင့် ပြင်သစ်လက်ရွေးစင်အသင်း ဝါရင့်ခံစစ်ကစားသမား ကင်ပန်ဘေသည် ၂၀၀၅ ခုနှစ်က ပီအက်စ်ဂျီအကယ်ဒမီသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်မှစတင်ကာ ပီအက်စ်ဂျီအသင်းကြီးတွင် ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး လက်ရှိအချိန်ထိ ၂၄၁ ပွဲကစားထားပြီး သုံးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ပီအက်စ်ဂျီအသင်းခေါင်းဆောင်အဖြစ် ၃၄ ပွဲပါဝင်ကစားခဲ့ပြီး အသင်းနှင့်အတူ ပြင်သစ်လီဂူးချန်ပီယံ ရှစ်ကြိမ်၊ ပြင်သစ်ရှုံးထွက်ဖလား ခုနစ်ကြိမ်၊ ပြင်သစ်စူပါဖလားခြောက်ကြိမ်၊ ပြင်သစ်လိဂ်ဖလား ငါးကြိမ်နှင့် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်း၏ ပထမဆုံးချန်ပီယံလိဂ်ဖလားကို ရယူခဲ့ပြီး ပီအက်စ်ဂျီအသင်းသမိုင်းတစ်လျှောက် ဆုဖလားအောင်မြင်မှုအများဆုံး ကစားသမားစာရင်းတွင် တတိယနေရာ၌ ရှိနေသည်။

ထို့ပြင် ကင်ပန်ဘေသည် ပြင်သစ်လက်ရွေးစင်အသင်းတွင် လက်ရှိအချိန်ထိ ၂၈ ပွဲပါဝင်ကစားထားကြောင်း သိရသည်။ *Ref; Fotmob*

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **ဇီဝဗေဒနှင့်ဓာတုဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** အထက(၅)၊ လားရှိုးမြို့။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဌ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဍ) **တောင်ငူမြို့** အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအားဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Black Coffee
PYIN OO LWIN
NAN MYAING


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

❖ ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့်ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်...
❖ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများကိုပေးရမည်မှာ မိမိတို့တပ်မတော်၏တာဝန်ပင်ဖြစ်...
❖ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

မလေးရှားတပ်မတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM)ကို ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Intercontinental Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၅) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (15th ASEAN Military Operations Meeting – 15th AMOM)နှင့် (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (22nd ASEAN Military Intelligence Meeting – 22nd AMIM) များသို့ ပါဝင်တက်ရောက်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ

**စာမျက်နှာ ၁၇ ကော်လံ ၁ ◆**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM)သို့ တက်ရောက်စဉ်။

## ထိုင်းနိုင်ငံတွင်ကျင်းပသည့် အာရှကျောင်းများ ဖိတ်ခေါ်(တာတို) ရေကူးပြိုင်ပွဲတွင် မြန်မာရေကူးအားကစားသမားများက ရွှေလေးခု၊ ငွေနှစ်ခုနှင့် ကြေးရှစ်ခုဆွတ်ခူးရရှိ

စာ - ၁၁ သို့



## ဆောင်းပါး

## မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲစနစ်သစ်

Mixed Member Proportional System (MMP)

စာ - ၂၅ သို့

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

စာ - ၁၃ သို့